အမရပူရ

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ဂါထာပေါင်းချုပ်

သာသနာ-၂၅၂၂ ကောဇာ-၁၃၇၉ ခရစ်-၁၉၆၀

၁၄ ၆ ၅ ၅

အမရပူရ

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ဂါထာပေါင်းချုပ်

သာသနာ-၂၅၂၅ ၊ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

ပထမအကြိမ်

၁၉၇၁ ခုနှစ်လ

အုပ်ရေ (၁၀၀၀)

●

မျက်နှာဖုံးရိုက် ဇွဲ

●

ဧပြီဝန်

●

ဘာသာရေးဆိုင်ရာ စာပေပုံနှိပ်ကြေးတမ်း (၂၆၅)

●

ဂ်-၁၀ သူ ဦးဝင်းခေါ်ဦ (ကင်းလွတ်ခွင့်အမှတ် (၁၀၅) အမှတ်စဉ် ၄ ခု၊ ရွှေတိုဂုံတောင်မှခ် ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးသူနန်းခိုန် (မြ-၀၂၁၃၃၀) ဇွဲစာပုံနှိပ်တိုက် အမှတ် ၈၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ဘ၇၄၅

ဝမ္မဒါနအလှူရှင်

ပြန်လည်ရိုက်နှိပ်ရခြင်း

အမရပူရမြို့ (တောင်မြို့) မဟာဂန္ဓာရုံ ဆရာတော် ဆိုလျှင် သာသနာရေးနယ်ပယ်နှင့် စာပေနယ်တွင် မသိသူမရှိသလောက် ထင်ရှားပေသည်။ ဆရာတော်သည် လူမျိုး၏ဂုဏ်၊ သာသနာတော်၏ အကျိုးကို ဆောင်ရွက်ရာတွင်လည်း သူ့မတူ အောင်အသက်ပေးကြိုးစားခဲ့ပေရာ၊ လွန်ခဲ့သောအနှစ် (၃၀) ကျော် ကပင် စိတ်ရှိတိုင်း ရေးစပ်ခဲ့သည့်-

* ဗုဒ္ဓမြတ်စွာ လောင်းလျှာတုန်းက
  နောက်ဆုံးအထိ ပါရမီ၊
* လူနတ်မျှားစွာ ချမ်းသာရေးမို့
  အသက်ပေးလို ဖြည့်ခဲ့သည်။
* ဗုဒ္ဓမြတ်စွာ သာသနာအချက်မို့
  ငါပါအသက် ဆုံးစေမည်။
* နောက်မဆုတ်ပေါင် ခုလိုဆွေးဖို
  ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဟူသော ဤလက်ဝစာပုဒ်များကပင် သာသနာအတွက်ခံယူချက် ပြင်းထန်ခဲ့ကြောင်းထင်ရှားပေသည်၊ ဆရာတော်သည် ခံယူချက် မြင်းသလောက်လည်း တကယ်အလုပ်လုပ်သော ဆရာတော်ပင် တည်း။ နောက်ဆုံး ပျံ့လွှန်တော်မူသည်အထိ ကျမ်းပေါင်း (၆၀)ကျော်ကို မရပ်မနားအလုပ်လုပ်သွားခဲ့သည်မှာ မည်သူမှ မအံ့သြပဲ မနေနိုင်ခဲ့ကြပေ။

ဆရာတော်သည် သာသနာတော်ကို အ နည်း ငယ် မျှ ပင် အညှိုးမခံ၊ မညှိုးအောင်လည်း အမြဲကြိုးစားခဲ့၏။ မည်မျှ လောက်အထိ သာသနာတော် အတွက် အ လေး ပေး ထား ကြောင်းကိုမူ.....

ကိုယ်တည်းတယောက် ချမ်းသာရောက်ဖို
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှေးခါဘိုးဘ
လက်ထက်ကလျှင် ရသည့်တန်ဖိုး ထပ်မညှိုးဖို
အားကြိုးမာန်တက် ငါဆောင်ရွက်သည်.....
ဆက်လက်တည်တံ့ပါစေသော်။

ဤလက်ဝစာစုကပင် ခိုင်မာသောသက်သေတခုပင်မဟုတ်ပါ လော၊ ဤမျှလောက်ဆိုလျှင် ဆရာတော်၏ သာသနာအပေါ် ထားရှိသည့်စိတ်ဓာတ်တို့ကို သိသာနိုင်ပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တပါး၏ စာပေလက်ရာများသည် မည် သည့်အခါမျှ တိမ်ကောပျောက်ကွယ်မသွားသင့်ပေ၊ သာသနာ တော် တည်သရွေ့ တည်ရှိနေရန် ထိန်းသိမ်းရမည့် တာဝန်မှာ ကျန်ရှိသူပုဂ္ဂိုလ်များ၏ တာဝန်သာ ဖြစ်ပေသည်။ထိုတာဝန်ကို

ကျေပြန်စွာ ထမ်းဆောင်သောအနေဖြင့် ဆရာတော်၏လက်ရာ စာစုတခုအပါအဝင်ဖြစ်သည့် ဤ"ဂါထောပေါင်းချုပ်"စာအုပ် ကလေးကို တိမ်မြုပ်လုဆဲဆဲဘဝင် ပြန်လည် ရိုက် နှိပ် ရခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် သာသနာတော်၏အကျိုး၊ ဆရာတော်၏ ဂုဏ် ကျေးဇူးတို့ကို တဖက်တလမ်းမှ ကျေးဇူး ဆပ်လိုက် နိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုလိုက်ရပေသတည်း။

မူလ အမှာနိဒါန်း

ဤ "ဂါထာပေါင်းချုပ်" စာအုပ်ကလေးကို သက္ကရာဇ် တထောင့်သုံးရာ ပြည့်တုန်းက သထုံ-မော်လမြိုင် ခေမာရာမ စာသင်တိုက်တို့၏ဆရာ ဒေါ်ခေမာဝတီနှင့် မိခင် ဒေါ်သိန်းရှေ တို့၏ ဓမ္မဒါနအဖြစ်ဖြင့် အုပ်ရေတထောင် ဖြန့်ဖြူးခဲ့ပါသည်၊ ဆရာ ဒေါ်ခေမာဝတီသည် မိမိ ၁၅-နှစ် ကျောင်းသားဘဝ ဝယ် ထိုဆရာ ၂၅-နှစ်အရွယ်လောက်တုန်းက စစ်ကိုင်းချောင်ဦ "စာတော်သော ကျောင်းသားကလေး" ဟူသောအမှတ်ဖြင့် တခဏမျှ စကားပြောလိုက်ဘူး၏။

ထို့နောက် မိမိ၏စာမေးပွဲများ ပြီးစီးသောအခါ ဗဟန်း စာချဆရာ ဒေါ်ဂုဏဝတီ, ဒေါ်ဉာဏဝတီတို့ သထုံ၌ တရားအားထုတ်စဉ် မိမိအကြောင်းကို ကြားရပြန်သဖြင့် ပစ္စည်း ၄-ပါးဖိတ်ကာမကြာမကြာလှူဒါန်းလေ့ရှိ၏၊နောက်ဆုံးရောဂါ တခုကြောင့် ရန်ကုန်ဆေးရုံကြီး၌ ဆေးရုံတက်ခါနီးအချိန်မှာ မိမိအထံသို့ ငင့်ပို့ရန်မှာထားသွား၏၊ထိုငင့်များသည် ကုယ်လုန် ပြီးမှ ရောက်လာ၏၊ ထို့နောက် မကြာမီ မိခင်ကြီးလည်း

ကုယ်လွန်၍ မိမိအထံသို့ အလှူငွေ့ များ ရောက်လာပြန်၏၊ ထိုငွေ့များဖြင့် စာအုပ်ဓမ္မဒါန ဖြန့်ခဲ့ပါသည်။

ယခုတဖန် ဟောင်းနွမ်းလှသောထိုစာအုပ်ကလေးကို အရေးယူသော ချုပ်သင်းချောင် ဆရာကြီးက ထပ်မံ၍ ရိုက်နှိပ်ပေးရန် တောင်းပန်သောကြောင့် စာအုပ်အဟောင်းမှ တချို့ဂါထာများကို နှုတ်၍ တချို့ဂါထာများကို အစားသွင်းပြီး ရှေးအတိုင်း အစီအစဉ်ဖြင့် ထပ်မံရိုက်နှိပ်စေရပါသည်။

၁၃၂၆ အရှင်ဇနကာဘိဝံသ
နတ်တော်လ

ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော် အများ, စိတ်ကောင်း ထားလည်း, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ-မျှားလှ အပြစ်တွေ။

ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖေါ်ညွှန်ကြား, မြတ်တရားကြောင့်, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ,သိကြရ,-မျှားလှ ကျေးဇူးပေ။

ကျေးဇူးတော်ရင်, ဘုရားရှင်ကို, ဥုးတင်မပြတ်,ကျေးဇူး ဆပ်ဖို့, အမြတ်ရတနာ, သာသနာ၏, နိုင်ရာဝန်ထမ်း, ကိုယ်စီစွမ်း, ကြိုးပမ်းကြပါလေ။

မာတိကာ

။ရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ပြန်လည်ရိုက်နှိပ်ရခြင်း ရည်ရွယ်ချက်	၈
၂။	မူလအမှာနိဒါန်း	၉
၃။	အောင်တော်မူ ဘုရားရှိခိုး ဂါထာ	၁
၄။	ဆရာကြီး ဒေါ်ခေမာဝတီအကြောင်း စိုးကုံ အပ်သော ဂါထာ	၂
၅။	အတွင်းရှုပ် အပြင်ရှုပ်ကို ဘယ်သူဖြေရှင်းနိုင်ပါ သနည်းဟု နတ်သားလျှောက်ထားချက် ဂါထာ	၃
၆။	အရှုပ်ရှင်း ဂံဃာ	၄
၇။	တောကျောင်းကလေး၏ ရှုမျှော်ခင်း	၆
၈။	တောမျှော်ဂါထာ	၇
၉။	တောမှာနေလျှင် အနိစ္စလက္ခဏာ ထင်အောင် သစ်ပင်တွေကဟောနိုင်ပုံကိုပြသော အနိစ္စသညာ ဂါထာ	၈
၁၀။	ဒုက္ခ၏အနီးဌာ နိဗ္ဗာန်၏အရသာပေါ်လာပုံကို ပြသော နိဗ္ဗာန်၏ အဓောတ်	၉

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁။	လာဘ်နှင့်ဥစ္စာ ဆွေဘာအစစ် ချမ်းသာစစ်ကို ရွေးချယ်တတ်ရန် အမြတ် ၄ မျိုး ဂါထာ	၁၀
၁၂။	ယောဂီများ၏ကျင့်စဉ် လုတ်လပ်ရေး	၁၁
၁၃။	မျက်လှည့်အလား လှည့်စားသောတရားတွေကို ဆာယာမ်၍ အဖိခံရပုံ ဂါထာ	၁၂
၁၄။	သံဃာ့အရေးကို ကြိုးစားသင့်သလောက် မကြိုးစားသည့်အတွက် ကြောက်မက်ဖွယ်ကို ပြသော ပုထုဇဉ်အဖြစ် ဂါထာ	၁၃
၁၅။	ကိလေသာမီး တည်းညီးလောင်တုန်းမှာ ပျော်စရာ မကောင်းပုံနှင့် အဝိဇ္ဇာအမှောင်ကင်းအောင် အရောင်အလင်း ရှာသင့်ပုံကို ပြသော အလင်း ဂါထာ	၁၄
၁၆။	ခရီးသွားကြောက်ဖွယ် ဂါထာ	၁၅
၁၇။	တဏှာရေအယဉ် ဂါထာ	၁၇
၁၈။	ပဒုမ္မာကြာပန်းများ နေရောင်ကြောင့် ညှိုးနွမ်း သလို ဇရာကြောင့် ညှိုးနွမ်းရပုံကို ပြသော ဇရာ့အကြောင်း ဂါထာ	၁၈
၁၉။	ဘုရားရှင်၏ ကိုယ်ရေတောင်များအနည်းငယ်တုန့် လာပုံကို အရှင်အာနန္ဒာ မြင်ရသာဖြင့် ဘုရားရှင် အားလျှောက်၍ ဇရာကို ကြိမ်းမောင်းပုံ ဂါထာ	၁၉
၂၀။	ခဏအဖိုးတန်ပုံ ဂါထာ	၂၀

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၁။	ဘုရားရှင်ကို မမြင်ရပဲ မြေမျိုခါနီးဌ ရှင်ဒေဝဒတ်၏ ကန်တော့ခန်း	၂၁
၂၂။	သာသနာ့ဥယျာဉ်ကြီးဌ ရှင်ရဟန်းကောင်းတည်း ဟူသော သစ်ပင်များ စိုက်ပျိုးနည်းကို ပြသော ရှင်ပြုရဟန်းခံ ဂါထာ	၂၂
၂၃။	ဒါနမျိုးစေ့ အပျိုးလွဲပုံ	၂၃
၂၄။	သာသနာတော်သည် အနှစ်ငါးထောင်ကြာ အောင် တည်စေကာမူ ကမ္ဘာထောက်က တခဏ လောက်မျှသာ ကြာမည်ကို ပြသော သာသနာ့ အလင်းရောင်,	၂၄
၂၅။	သာသနာအခါကောင်းခိုက် အားစိုက်သင့်သည်ကို ပြသော လသာခိုက်ဗိုင်းငင် ဂါထာ	၂၅
၂၆။	ချစ်ခင်ရာဌ အကြောင်းအမျိုးမျိုးရှိတတ်ပုံကို ပြသော ချစ်ခြင်း၏အကြောင်း	၂၆
၂၇။	အခြားသူတို့ အခွန်းတရာထက် ချစ်သူတခွန်းက အဖိုးတန်ပုံ ဂါထာ	၂၇
၂၈။	အလုပ်မှန်လျှင် ကဲ့ရဲ့ခံရမှာ မကြောက်သင့်	၂၈
၂၉။	ပါရမီဖြည့်ဘက်တို့ အတူတူ ကျင့်လည်ရတတ်ပုံ ပြသော ပါရမီဖြည့်ဘက် ဂါထာ	၂၉
၃၀။	ဘုရားအလောင်းတော် တောထွက်သွားသည့် အခါ ယသော်ဓရာ စုဘုရား တမ်းတပုံ	၃၀

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၁။	လောကခံနှင့် တွေ့လျှင် မတုန်လှုပ်ထိုက်ပုံကို ပြသော စိတ်ခေတ်ခိုင်မာရေး ဂါထာ	၃၂
၃၂။	သံယောဇဉ်ကြိုး ဂါထာ	၃၄
၃၃။	အချစ်များသလောက် ဒုက္ခများပုံကို ပြသော အချစ်၏ဒုက္ခ	၃၅
၃၄။	သီလရှင်အဖြစ် နှစ်သက်ဖွယ်ကို ပြသော ဂါထာ	၃၆
၃၅။	သေးဂီ သြဝါဒ ဂါထာ	၃၇
၃၆။	သုဓမ္မစာရီ၏ ဥဒါန်း	၃၈
၃၇။	မိန်းမစွမ်းရည်	၃၉
၃၈။	ငဲ့၏သတ္တိ	၄၀
၃၉။	နောက်မဆုတ်တမ်း	၄၁
၄၀။	လူကြီးသူမ ရှိသေခြင်း၏အကျိုးကို ပြသော ရှိသောမှု	၄၂
၄၁။	သံရှစ်ချက် ဂ,ါထာ	၄၄
၄၂။	သိကြားမင်းက သုသိမမည်သော သားငယ်ကို ဆုံးမသော အဖျင်း၏အပြစ် ဂါထာ	၄၅
၄၃။	ယဉ်ကျေးမှု	၄၆
၄၄။	အရာရာ အောင်မြင်နည်းကို ပြသော အောင်မြင်ရေး ဂါထာ	၄၈
၄၅။	အဆင်းလှ၍ အမျိုးမြတ်သော်လည်း ပညာမရှိက လူ့ပေါက်ပန်း ဖြစ်ရတတ်ပုံကို ပြသော ပညာမဲ့အပြစ်	၄၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၆။	ပညာသင်မပေးသော မိဘတို့ ရန်သူနှင့်တူပုံကို ပြသော ရန်သူမိဘ	၄၉
၄၇။	အစွမ်းမရှိသူသည် လူမဟုတ် မိခင်၏ကျင်ကြီးသာ	၅၀
၄၈။	မဂ္ဂယာဥ်ပျံတော်ကို ကိုယ်တိုင်လုပ်ပါ	၅၁
၄၉။	သီလအကျိုးကို ကုန်အောင် မပြောနိုင်	၅၂
၅၀။	ကန်တော့လာသောအခါ ဆုပေး ၈ ပါထာ	၅၄
၅၁။	လောကဌ် မိမိကိုယ်သာ အချစ်ဆုံး	၅၆
၅၂။	သာသနာ့ရေးမျှော်တွေးမှ အဓိဋ္ဌာန်ပြုချက်	၅၇
၅၃။	ဗုဒ္ဓမြတ်စွာ၏ မာရ်နတ်ကို အောင်မြင်တော်မူပုံ	၅၈
၅၄။	ဗုဒ္ဓမြတ်စွာ၏ အာဠာဝကကို အောင်တော်မူပုံ	၅၇
၅၅။	ဗုဒ္ဓမြတ်စွာ၏ နာဠာဂီရိဆင်ကို အောင်တော်မူပုံ	၅၈
၅၆။	ဗုဒ္ဓမြတ်စွာ၏ အင်္ဂုလိမာလကို အောင်တော်မူပုံ	၅၉
၅၇။	အရိယာ, ပုထုဇဉ် အမြင်မတူ	၆၀
၅၈။	ကျောချင်းကပ်ယှဉ် ပြေးကြအင်သို့	၆၁
၅၉။	သဗ္ဗညုတ်ဘုရားတော် စွမ်းသုံးဖော်	၆၂
၆၀။	အိပ်ရာဝင်အိပ်ရာထဘိုင်း ရွတ်ဖတ်ဖွယ်မျှားရန် မေတ္တာပို့ ၈ ပါထာ	၆၄

မာတိကာ ပြီးပြီ။

ဘုရင်ဇနကာဘိဝံသ

၏

ဂါထာပေါင်းချုပ်

ပထမကျော် စာမေးပွဲဝင်ရန် စာကြည့်ရင်း ရေးသားရွတ်ပြားသော

အောင်တော်မူ ဘုရားရှိခိုး ဂါထာ

ဥိ နမော တေ ဝိဇေတုံ မေ,
ဇယတော ဒဒတော ဇယံ၊
နဒ္ဓထမ္ဘံ သဗ္ဗသန္ဓံ,
ကရ မေ ဇယမင်္ဂလံ။

ဥိ-အန္ဓာဆုယ်ကင်း, ရန်စွယ်ရှင်းရ, ကောင်းခြင်းစဉ်ကာ, မယှဉ်သာအောင်, မင်္ဂလာကြီး ဖြစ်ပါစေသတည်း။ နဒ္ဓထမ္ဘံ-ထောက်ပံ့မည့်သူ, ကူညီမည့်နတ်, ရုံပတ်ဝဲ့ယာ, ဗြဟ္မာလည်း မရှိပါပဲ၊ သဗ္ဗသန္ဓံ-ကိုယ်နေရှိန်မပျက်, တသိန်ထွက်ဖို့, ငြိမ်သက်ဖွေးဖြူ, အေးအေးလူသာလျှင်၊ ဇယတော-ပါရမီစက်ဟုန်, လက်နက်စုံဖြင့်, ချက်ကုန်မလွဲ, ပွဲဘိုင်းမရှောင်, နွဲ့ဘိုင်းပင် အောင်တော်မူထသော၊ ဇယံ ဒဒတော-အောင်ရာ စည်းကမ်း, အောင်နည်းလမ်းဌ, မိုးငြမ်းမလစ်, အသစ်အဆန်း, တစ်ဂဏန်းက, မှန်းဆ၍ မျှော်, အောင်ပန်း ရအောင်လည်း လမ်းပြ ပေးသနားတော် မူထသော၊ တေ (တဝ) - မကိုင်ရှောင်လျှ,

ဥသျှောင်ပျံ့မှာ, အောင်လံစွင့်စွင့်, လွှင့်တလူလူ, အောင်တော်မူ အရှင်မြတ်အား၊ မေ(မ၊)-မအောင်သေးခင်, အောင်ကြေးဘင်၍, အောင်မြင်ရန်မျှော်, တပည့်တော်၏၊ ဝိဇေတုံ-မရှောင်ဝပင်း, အခေါင်နင်း၍, အောင်ခြင်းကြီး အောင်ပါစေ ခြင်း အကျိုးငှာ၊ နမော-အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို,အမျိုးစုံ မှန်းဆ၍, တမ်းတ ရှိခိုးပါ၏ ဘုရား။ မေ (မမ) - မအောင် သေးခင်, အောင်ကြေးတင်၍ အောင်မြင်ရန်မျှော်, တပည့် တော်အား၊ ဇယမင်္ဂလာ-အောင်ရန်အတိတ်, အောင်နိမိတ်ဖြင့်, အောင် ဘိသိက်သွင်း, အောင်ဟိတ် ကျင်း၍, အောင်ခြင်း ဆင့်ကာ, မင်္ဂလာကို၊ ကရ-သပြေအနု, ငွေခရုဖြင့်, ဇေယျတုံ, မရ တုန်အောင်, အပုံပုံ အပူအားဖို, ပြုပေးတော် မူပါ၊ အောင်တော်မူ အရှင်မြတ်ဘုရား။

၁၃၀၀-ပြည့်နှစ်က ဗေါဓိဝံသာဝတီ၏ အကြောင်းကို
အဘုန်းတော်ပည့်အလံပ္ပ ကြားရသည့်အတိုင်း
ဖိကုံးအစ်ဗေါဓိဆာ

မရှုန-မဂ္ဂဟာ ဒေဟံ,
ခေ တာရုနံ မဟာပထေ၊
မာဝ ဟေ ဇေဋ္ဌိကာ ပေမ-
ဝတီ သြ ဘာယ ဟေဂ်ေ။

တာရုနံ-နတ်တို့ပျော်စံ, ဘုံဗိမာန်ဟု, ဝေယံသွားလာ, ကြယ်မျှားစွာတို့၏ မဟာပထေ လမ်းကြီး လမ်းငယ်, အသွယ် သွယ်ပြင့်, ခြယ်လှယ်ဖြတ်သန်း, နတ်လမ်းကြီးဖြစ်ပေထသော၊

ခေ-အသက်ဝေဟင်, မိုးကောင်းကင်ဌ၊ မာဝ-ရောင်လျှံငြိုရှုန်း, လပြည့်ဝန်းကဲ့သို့၊ ပေမဝတီ-ပင်ကိုယ်ရုပ်ရော, နှုတ်အပြောနှင့်, မနောသစ်လွင်, ပြစ်တင်ဖွယ် မနှော, ချစ်ခင်ဖွယ် ပေါ်သော၊ မေ-တဘဝတွင်, တာဝတာ မြင်ဖို့, တမင်ဖန်လာ, မောင်တော်ငါ၏၊ ဒေဋ္ဌိကာ ခေမာရာမ, နှစ်ဌာနဌ, ထာဝရအုပ်စီး, အစ်မတော်ကြီးသည်၊ ဗေဒိဂေ-ဣတိဘဝ, တွေ့ကြုံရသည့်, မျှားလှုဆွေကောင်း, တပည့်အပေါင်းတို့ကို၊ သြဝါဒ-ကဲ့ ဖြစ်သမျှ, ကျန်ရစ်ကြဟု, လှစ်ဟည့်နန်းမြင့်, မှန်းမဆလေ သော်လည်း, လွမ်းလျက်ပစ်ခွါ, မေတ္တာတော် ရုပ်သိမ်းလျက် သာလျှင်၊ မရှုနံ-ကံအဟုန်နှင့်, အစုံသင့်က, ဘုံမြင့်ဇာတ်ပြောင်း, နှုတ်အပေါင်းတို့၏၊ ဒေဟံ-ဝင်း တစက်စက်, အကင်းထွက်ခဲ့, လင်းလျက်ပျံမြစ်, ကိုယ်အသစ်ကို၊ အဂ္ဂဟာ, အဂ္ဂဟာ ဝတ-နှုတ်တို့ နန်းမြေ, စခန်းဘွဲ့ဝယ်, ပန်းဝေဝေပြိုး, ဇမ်းဝရ ချိုးဖို့, တမျိုးအခန, ဖြူတလွင့်လွင့်, ပူမသင့်အောင်, ညြောင်-ယူနှင့်ချေပေါ့ဘကား။

"အတွင်းရှုပ် အပြင်ရှုပ်ကို
အသယ်သုသည် ပြေရှင်းနိုင်ပါသနည်း"ဟု

နှုတ်သား၏ လျှောက်ထားချက်

အန္တောဇဋ္ဌာ ဗဟိဇဋ္ဌာ, ဇဋ္ဌာယ ဇဋိတာ ပဇာ၊
တံ တံ ဂေါတမ ပုစ္ဆာမိ, ကော ဣမံ ဝိဇဋယေ ဇဋံ။

ဂေါတမ-အနှယ်တော်အရ, ဂေါတမဟု, နာမ မည်ဘွဲ့, ရှင်ပင်မြတ်ဘုရား၊ ယာ အန္တောဇဋ္ဌာ - ကိုယ့်တွက် ကိုယ့်တာ,

ကိုယ့်ဥစ္စာနှင့်, ကိုယ်ပါချည်းတုပ်, အကြင်တဏှာ တည်းဟူသော, အတွင်းအရှုပ်သည်ရင်း၊ ယာ ဗဟိဇဋ္ဌာ-သူ့တူက် သူ့တာ, သူ့ဥစ္စာနှင့်, သူ့ပါယှဉ်တုပ်, အကြင်တဏှာတည်းဟူသော အပြင် အရှုပ်သည်ရင်း၊ သံဝိဇ္ဇတိ-လောက အလုံးတွင်, အသုံးဝင်၍, ထုံးစံမသွေ, ထင်ရှားရှိနေခဲ့ပါပြီ၊ တာယ ဇဋ္ဌာယ-အတွင်းအပ, မကင်းရအောင်, ပြင်းပြ ချုပ်တား, ထိုတဏှာတည်းဟူသော အရှုပ်တရားသည်၊ ပဇာ-သူရောကိုယ်ပါ, မျှားပြားစွာတောင်း, သတ္တာအပေါင်းကို၊ ဇဋ္ဌိတာ-ကမ္ဘာ့ကသိုဏ်း, ဘဝလိုင်းပင်, ရစ်ဝိုင်းတုပ်မွှေ, မလှုပ်လေအောင်, ရှုပ်စေအပ်ပါပြီ၊ တံ တသ္မာ - သို့ကလိုမကွာ, အရာရာပင်, တဏှာတုပ်မွှေ, မလှုပ်လေအောင်, ရှုပ်စေအပ်သည့် အဖြစ်ကြောင့်၊ တံ-ထိုတဏှာပွေရှုပ်,အခြေပြုတ်အောင်, ဖြေဖြုတ်နိုင်ကြောင်း, အစွမ်းကောင်းကို၊ ပုဗ္ဗာမိ-အရေးရောက် မရောက်, အတွေ့ပေါက်သဖြင့်, အကြောက်စွန့်ကာ, လျှောက်ဝံ့ပါ၏၊ ကော-နတ်နှင့် လူဗယ်, ဘယ်နှယ် ဘယ်ရိုး, ဘယ်သူမျိုးသည်၊ ဣမံ ဇဋ် လောက အလုံးတွင်, အသုံးဝင်၍, ထုံးစံအနေ, လိမ်ပွေယှက်မြှေး,ဤတဏှာတည်းဟူသော အရှုပ်အထွေးကို၊ ဝိဇဋယေ-မပွေမရှုပ်, အခြေပြုတ်အောင်, ဖြေဖြုတ်နိုင်ပါသနည်းဘုရား။

အရှုပ်ရှင်း ဂါထာ

သီလေ ပတိဋ္ဌာယ နရော သပညော,
စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု,
ကော ဣမံ ဝိဇဋယေ ဇဋံ။

သပညော-ကမ္မဇပဋိသန်, ဟိတ်သုံးတန်ကြောင့်, အမှန်မြင်သိ, ပင်ကိုယ်ဉာဏ်လည်း ရှိထသော၊ အာတာပီ-ကိုလေသာမာရ်, သူပုန်ရန်ကို, ပူပန်စေတတ်, ဝိရိယဓာတ်လည်း ရှိထသော၊ နိုပကော - ပါဋိဟာရိယဉာဏ်, ရင့်သန် ပြီးမြောက်, အရာရာ၌ ခရီးရောက်ထသော၊ ဘိက္ခု-သံသရာဘေး, လာမည့်ရေးကို, လေးလေးပင်ပင်, အစဉ်မပြတ်, ကြည့်ရှုတတ်ထသော၊ သော နရော-လူတွင် လူမြတ်, လူဉာဏ်ကြင့်ဟု, ခေါ်မှတ်စရာ, ထိုသတ္တဝါသည်၊ သီလေ-စတုပါရိ, သုဒ္ဓိ လေးဖြာ, သိက္ခာသီလ, ဟူသမျှ၌၊ ပတိဋ္ဌာယ - အစဉ် မပြတ်, ဖြည့်ကျင့်လတ်သဖြင့်, မတ်မတ်မားမား, ရပ်နားတည်နေပြီး၍၊ စိတ္တံစ-အာရုံအများ, လှုပ်လေငြားလည်း, ကျောက်သားတိုင်နဲ့, ယိုင်မလဲဖို့, ခိုင်မြဲတည့်မတ်, သမာဓိ စိတ်ဓာတ်ကိုရင်း၊ ပညဉ္ဇ-အနိစ္စ, ဒုက္ခ, အနတ္တဟု, ကြည့်ရှုထင်လာ, ဝိပဿနာပညာကိုရင်း၊ ဘာဝယံ-တဆင့်ထက် တဆင့်, မြင့်ထက် မြင့်အောင်, အသင့် ပုံသေ, ပွားများစေသည်ရှိသော်၊ ဣမံ ဇဋ်-လောကအလုံးတွင်, အသုံးဝင်၍, ထုံးစံ အနေ, လိမ်ပွေယှက်မြေး, ဤ တဏှာတည်းဟူသော အရှုပ်အထွေးကို၊ ဝိဇဋယေ-မပွေမရှုပ်, အခြေပြုတ်အောင်, ဖြေဖြုတ်နိုင်ရာသတည်း။

ပင်ကိုယ်ပဋိသန္ဓေက ဉာဏ်ပညာပါရှိ၍ သီလ၌ တည်ပြီးလျှင် သမာဓိ ပညာကို တိုးပွားစေ်လျက် အပူတပြင်း အားထုတ်သူသာ အရှုပ်ကို ဖြေရှင်းနိုင်စရာရှိသည်။

တောကျောင်းကလေး၏
ရှုမျှော်ခင်း

သန္ဒမာန- ဒကော သန္တော,
ဖလပုပ္ပေါ-ပသောဘိတော၊
သဉ္ဇနော နီလရုက္ခေဟိ,
ပိဏေတိ အဿမော မနံ။

သန္ဒမာနဒကော ဌေသောင်ကမ်းခြေ, အပန်းဖြေဖို့,စမ်းရေ အယဉ်, တသွင်သွင်နှင့်, အစဉ်မပြတ်, စီးသွားရာအရပ်လည်း ဖြစ်ပေထသော၊ သန္တော-မြို့ရှာအူသံ, မဆူညံပဲ, လူသံတိတ်ချိန်, ဆိတ်ငြိမ် မြေပေထသော၊ ဖလပုပ္ပေါ ပသောဘိတော - ရာသီ မလင့်, ခါညီသင့်ရှိ, သီးပွင့် ငုံကင်း, ရဂုံတွင်းမှ, ထုံသင်းရှိ ကြိုင်, တလိုင်လိုင်တင့်တယ်ပေထသော၊နီလရုက္ခေဟိ စိမ်းတစ်ဝို့ ညို တမျှောင်မျှောင်, ခိုရောင်မြသွေး, ကမ္ဘာ့ဆေးဖြင့်, အလှ ရေးသည့်အသွင်, သစ်ပင်ပိတ်ပေါင်း, အရိပ်ကောင်းတို့သည်၊ သဉ္ဇနော-ဝဲယာရစ်သန်း, ဖုံးလွှမ်းအပ်ပေထသော၊ အဿမော- ကိုယ်တည်းအောင်းခို,ဗြဟ္မစိုရ်ဖြင့်, အလိုပြေ.ဝ, ဖြေ.စရာ့နှင့်, တွေ့ရပေတောင်း, ဤသခ်ိမ်း ကျောင်းကလေးသည်၊ မနံ- မနောကြည်ကြည်, သဘောတည်လျက်, တောမှိုလိုရိပ် ယောဂီ စိတ်ကို ပိဏေတိ ဝတ-ဝါဂွမ်းဆီထိ, အကြည်ပြည့်ဖို့ ပိတိ ခေတ်နိုး, မပြတ်ဘိုးလျက်, မြတ်နိုး....နှစ်သက် စေနိုင်လေစ့ တကား။

မယ ၅၁ ၀။ ။မာတင်ကြီး, တောခိုမှီးသို့, ကိုယ်တည်း အောင်းခို, ဗြဟ္မစိုရ်ဖြင့်, အလိုတော်ပြည့်, ပြည့်အောင်ဖြည့်ပိမ့်, ငါ၏ နောက်

တော်, တယောက်သော်မျှ, မခေါ်အပို့, ဖော်မလိုသည်... ရှေကိုယ်သက်သက် ရှင်းရှင်းတည်း။

"အလွန်ပျော်မွေ့ဖွယ် ကောင်းသော တောကျောင်းကလေးဌ် ရှေးရှေး သူတော်ကောင်းတို့ တရားဖြင့် မွေ့လျော်ကြ သဲကဲ့သို့ ငါသည် အဘယ်အခါ၌ မွေ့လျော်ရပါအုံ့"ဟု မျှော်မှန်းသော ဂါထာ ဖြစ်သည်။

၈တာမျှော် ဂါထာ

ကဒါ.ဟံ ကန္ဒရေ ရမ္မေ, ဝိညူန-မဘိသေဝိတေ၊
ဒန္တော သန္တော သမာစာရေ, စရေယ်ံ ဥတ္တ-မုတ္တမေ။

အဟံ-အမျှားမဆန်, တရားမှန်ကို, အားသန်ရည်ရော်, တပည့်တော်သည်၊ ကဒါ-အခါ ခုနှစ်, သက္ကရာဇ်ကို, တွက်စစ်ညွှန်ပြ, ဘယ်ကာလ၌၊ ရမ္မေ-ရှင်ပျကြည်, ဘေးမသီပဲ, နေ့လည်ညှဉ့်ပါ, ဘယ်ခါမပြောင်း, မွေ့လျော်ဖွယ်ရာ ကောင်းသော၊ ဝိညူနံ-ဆန်းဉာဏ်မမျှား, လမ်းမှန် သွားမည့်, တရားသိမြင်, ပညာရှင်တို့သည်၊ အဘိသေဝိတော - ခင်ခင် မင်မင်, တရှင်ရှင်နှင့်, အစဉ် မပြတ်, မှီဝဲ အပ်သော၊ ကန္ဒရေ-ကျောက်တောင် ကျောက်တန်း, ကျောက်ခါးပန်း၌, ကျောက်ပန်း ခက်ဝေ, ကျောက်စက်ရေနှင့်, ကျောက်ငွေ့ ဘော်ဖြူ, ကျောက်အင်ကယ်, ကျောက်ဂူထွင်းဖောက်, ကျောက်တောင်ချောက်၌၊ ဒန္တော - ပင်ကိုယ်စွဲသန်, ယဉ်ကျေး ဟန်ဆက်, သဏ္ဌာန်ထူးသွေ, ယဉ်ကျေးစေလျက်၊ သန္တော-အာရုံအမျှား, မလှုပ်ရှားပဲ, တရားရှာဖွေ, ငြိမ်သက်စေလျက်၊ ဥတ္တမုတ္တမေ-မဂ်ဖိုလ်နိဗ္ဗာန်, ရောက်ကြောင်း မှန်သဖြင့်, ကောန် ကျင့်အပ်,

အလွန်ကောင်းမြတ်ကုန်သော၊ သမာစာရေ- ဓုတင်တခန်း, ကမ္မဋ္ဌာန်းလေးဆယ်, မျှားကျယ်ဘီတောင်း, အကျင့်ကောင်း တို့ကို၊ စရေယျ-လုံ့လ ရင့်သန်, အသင့်မှန်အောင်, ကျင့်ကြံ ကြိုးကုတ်, အားထုတ်ရပါအံ့နည်း။

တောမှာနေလျှင် အနိစ္စလက္ခဏာ ထင်အောင်
သစ်ပင်တွေက ဟောနိုင်ပုံကို ပြသော

အနိစ္စသညာ ၈ ၊ ထာ

အဘိရတ္တာနိ နိလာနိ,
ပဏ္ဍုနိ ပတိတာနိ စ၊
ပဿန္တော တရုပဏ္ဍာနိ,
နိစ္စသညံ ပဋ္ဌဒတိ။

အဘိရတ္တာနိ-တခေတ်ကူးလစ်, ဖူးပရစ်ဖြင့်, မြူးခ၊ျစ်စဖွယ်, နံ့နယ် နီမြန်းခိုက်လည်း ဖြစ်ကုန်ထသော၊ နီလာနိ စ- စိမ်း တစိုစို, ညိုတမှောင်မှောင်, ဓိုရောင်မြသွေး, ကမ္ဘာ့ဆေးဖြင့်, အလှရေးသက့ဲသို့လည်း ဖြစ်ကုန်ထသော၊ ပဏ္ဍုနိ စ-ပယင်း ပမာ, အဆင်းဖြာလျက်, ဝင်းဝါဖြော့တော့ခိုက်လည်း ဖြစ်ကုန် ထသော၊ ပတိတာနိစ-ရတုဂိမှန်, နေရှိန်ဒဏ်ကြောင့်, ချိန်တန် စေ့ရောက်, ရေငွေ့ပျောက်သဖြင့်, သွေ့ခြောက် ကြွေကျခိုက် လည်း ဖြစ်ကုန်ထသော၊ တရုပဏ္ဍာနိ - သူ့ခေတ် သူ့ခါ, ပေါ်လာ ဖြစ်ပျက်, သစ်ရွက် အပေါင်းတို့ကို၊ ပဿန္တော - ကမ္မဋ္ဌာန်းဂူ, စမ်းအင်ငှမ့, မှန်းယူခန့စဉ်, တွေ့မြင်ရသည်ရှိသော်၊ နိစ္စသညံ-မကဲ့မသည်, အမြဲတည်ဟု, စဲ့မှီထင်ကာ, စဉ်လာ

အမှား, သညာများကို၊ ပန္နဒတိ- တောင့်ဇ, တောင်ဇ,, ချောင်ခလေ့ဖြင့်, ရှောင်ဝှေ့ပယ်ရှားနိုင်တော့သတည်း။

မှတ်ချက်။ ။တောကျောင်းကလေးဌ နေသောအခါ ကဆုန် နယုန်ဌ ရှက်နှများကို မြင်ရ၍ရင်း, မိုးတွင်းမှာ စိုနေသော သစ်ရွက်များကို မြင်ရ၍ရင်း, တပေါင်းလလောက်ဌ ဝါနေသော သစ်ရွက်တို့ကို မြင်ရ၍ရင်း, တန်ခူးလလောက်ဌ ကြေ့ကျသည်တို့ကို မြင်ရ၍ရင်း, မမြဲသော အနိစ္စသည် အလိုလို ထင်လာနိုင်ပါသည်။

စဉ်းစားလေ့ရှိသော ပုထုဇဉ်တို့အား
ဒုက္ခ၏အနီးဌ နိဗ္ဗာန်၏အရသာ ပေါ်လာပုံကို ပြသော
နိဗ္ဗာန်၏ အဓေါတ်
နိဗ္ဗာနံ ပရမံ သုခံ,
သုခ္ဘသုခ္ဘေဘိ ပတ္ထိတံ၊
ဒုက္ခိနော ဒုက္ခ-မာသန္နေ,
တဿ ရသော ပကာသတေ။

ပရမံ သုခံ-ဇာတိကုဋာကင်း, ဇရာရှင်း၍, နာခြင်း သေရေး, အရှေဝေးလျက်, အဓေါတ်တုံး, မပြတ်သုံးဖို့, အပြတ်ဆုံးမှန်သည့်, သုခ္ဘိလက္ခဏာ, ငြိမ်သက်လှစ္စာသော၊ နိဗ္ဗာနံ-တဆယ်တသီး, မီးအဆူဆူ, အပူဓာတ်ကိန်း, တဇာတ်သိမ်း၍, ပြတ်ငြိမ်းရာမှန်, ဇနိဗ္ဗာန်ကြီးကို၊ သုခ္ဘသုခ္ဘေဘိ - သူတော်သေတို့, အနှစ်စုသည့်, ယခုရှေးခေတ်, ပညာရှိအစစ်တို့သည်၊ ပတ္ထိတံ-လောကီဘဝတဲ့ကျော, ဓာတ်သဘောကို, ပယ်ပေါ်ပေါ

ထင်မြင်၍, ခင်မင်တောင့်တအပ်ခဲ့လေပြီ၊ ဒုက္ခိနော-တရုံတခါ, မခံသာအောင်, ဖန်လာစုပုံ, ဒုက္ခတွေ ကြုံ၍နေသော ပုထုဇဉ် လူပြန်းအား၊ ဒုက္ခ-မာသန္ဓေ ဇာတိမကင်း အကြောင်းရင်း ကြောင့်, ပေါင်းသင်းရှုပ်ပြန်, ရုပ်နာမ်ချင်း, ဆင်းရဲမှုချ, ဒုက္ခ၏အနိုးဌ၊ တဃ ရသော-သူလဲမပါ, ငါလဲမရှိ, ဇာတိလဲ ကင်း, ဇရာ ရှင်း၍, နာခြင်းမှာ ဝေး, ဧ တကြည်ကြည်.... အားလုံးကုန် ကိန်းခမ်းဆိုက်သဖြင့်, ငြိမ်းချမ်းလိုက်မဲ့, နိဗ္ဗာန်၏ အနှစ်အဆီသည်၊ ပကာသတော-တတွေးတတွေး,တရေးရေးနှင့်, တဧလေမ်းပြသကဲ့သို့,မှန်းဆတိုင်း ထင်ရှားလေတော့သတည်း။

လာဘ်နှင့်ဥစ္စာ, ဆေးညာအစစ်, ချမ်းသာစစ်ကို

ရှေးချယ်တတ်ရန်

အမြတ် ၄-မျိုး

အာရောဂျပရမာ လာဘာ,
သန္တုဋ္ဌိ ပရမံ ဓနံ၊
ဝိဿာသပရမာ ဉာတိ,
နိဗ္ဗာနံ ပရမံ သုခံ။

လာဘာ- ကိုယ်တွင်း ကိုယ်ပ, နှစ်ဌာနဌ, နေ့ညမပြတ်, ရနိုင်သော လာဘ်တို့သည်၊ အာရောဂျပရမာ-ရောဂါကင်း၍, ကျန်းမာခြင်းသာ, အမြတ်ဆုံး ရှိပါပေကုန်၏၊ သန္တုဋ္ဌိ-ရသမျှ နှင့်, မျှတရောင့်ရဲ၍, အောင့်အဲတင်းတိမ်ခြင်းသည်၊ ပရမံ ဓနံ-ကြောင့်ကြလည်းကင်း, တောင့်တ ရှင်း၍, လွန်မင်း မျိုးမှန်, အဖိုးတန် ဥစ္စာကြီးပေတည်း၊ ဉာတိ-မိဘ,ဂ်ဖဘက်, သွေးသား

ဆက်သဖြင့်, ချစ်သက်ဝေရိုး, မိဆေ့ ဖမျိုးတို့သည်၊ ဝိဿာသ ပရမာ-ကောင်းဆိုးတိုင်ပင်, အကျမ်းဝင်ရှိ, ခင်မင်ခြင်းသာ, အကောင်းဆုံး ရှိပါပေ,ဘုန်၏၊ နိဗ္ဗာနံ တဆယ့်တသီး, မီး အဆူဆူ, အပူဓာတ်ကိန်း, တဇာတ်သိမ်းရှ, ပြတ်ငြိမ်းရာမှန်, ဇနိဗ္ဗာန်ကြီးသည်၊ ပရမံ သုခံ - ဇာတိကွာကင်း, ဇံရာရှင်းရှ, နာခြင်းသေရေး, အရှေဝေးလျက်, အဓောတ်တုံး, မပြတ်သုံးဖို့, အမြတ်ဆုံး ချမ်းသာကြီးပါပေတည်း။

ဆောင်း ။ကျန်းမာခြင်းလာဘ်, ရောင့်ရဲတတ်မှု, အမြတ်ဥစ္စာ, ဆွေမျိုးမှာကား, ကောင်းရာ တိုင်ပင်, ဆိုးတိုင်ပင်ဖို့, ကျမ်းဝင် အချစ်, ချမ်းသာစစ်မှာ, နိဗ္ဗာန်သာ, သေချာစွဲရှိမှတ်။

ယောဂီများ၏ ကျင့်စဉ်

လွတ်လပ်ရေး

ဒိဋ္ဌဒိဋ္ဌ သခ်ၢိရေသု,
ဝိပဿနာ နိဗ္ဗိန္ဒရေ၊
နိဗ္ဗိန္ဒနာ ဝိရဇ္ဇတိ,
ဝိရဇ္ဇနာ ဝိမုစ္စရေ။

ဒိဋ္ဌဒိဋ္ဌသခ်ၢိရေသု-တွေ့ကြုံ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေ ဘောင်း, သခ်ၢိရအပေါင်းတို့၌၊ ဝိပဿနာ-မျက်မြင်ကလေးမျှ, တွေးမဆပဲ, ဘေးဘယဝိုင်းအင်, ကသိုဏ်းတင်အောင်, နှိုင်းယှဉ်, သံမှု, သတိပြုလျက်, ကြည့်ရှုတွင်ပင်, ခင်ခြင်မှုနှံမှ, အမြင်သန်ကြကုန်သည်ရှိသော်၊ နိဗ္ဗိန္ဒရေ-မနှစ်သက်အား, ပြစ်ချက်များကြောင့်, တရားမှီး၍, ငြီးငွေ့ကြလေကုန်၏၊ နိဗ္ဗိန္ဒနာ-

မနုစ်သက်အား, ပြစ်ချက်မျှားကြောင့်, တရားမှီး၍ ငြိုးငွေ့ကြကုန်သည်ရှိသော်၊ ဝိရဇွန်-သခ်ါရဇာတ်ထဲ၌, တပ်စွဲခြင်း မရှိကြလေကုန်၊ ဝိရဇွန္ဓာ·သခ်ါရဇာတ်ထဲ၌, တပ်စွဲခြင်း မရှိကြကုန်သည်ရှိသော်၊ ဝိမုစ္စရေ·တကယ်ခ်ဋ္ဌာန်, စိတ်အကြံဖြင့်, နိဗ္ဗာန်မှာ ဝင်ရှိလမ်းပျောက်၍, ကျွတ်ဘန်းပေါက်ကြလေကုန်သတည်း။

မှတ်ချက်။ ။တွေ့ရာ မြင်ရာ အားလုံးသည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားစုက ပြုပြင်ထားသော သခ်ါရမျှားချည်း ဖြစ်ကြ၏။ ထိုသခ်ါရတို့သည် အကြောင်းအားလျော်စွာ ဖြစ်ပြီးလျှင် ပျက်စီးရမြဲ ဖြစ်ကြ၏။ ဤသို့ ဝိပဿနာရှုသူသည် သခ်ါရတို့ အပေါ်၌ ငြီးငွေ့လာ၏၊ ငြီးငွေ့လာသော အခါ နုစ်သက်မှုတဏှာ ပျက်၍ အရိယာမဂ်ကို ရ၏၊ အရိယာမဂ်ရပြီးလျှင် ထိုသခ်ါရတို့မှလွတ်သော ဖိုလ်ကို ရနိုင်သည်။

ပျက်လှည်အလား လှည့်စားသော တရားတွေ့ကို သာယာမိ၍

အဖိခံရပုံ

အသာတံ သာတရူပေန,
ပိယရူပေန အပ္ပိယံ၊
ဒုက္ခံ သုခဿ ရူပေန,
ပမတ္တံ အတိဝတ္တတိ။

အသာတံ · နှစ်နှစ်ခြိုက်ခြိုက်, သာယာထိုက်ဖို့, အလိုက်ဘာသာ, မဟုတ်ပါသည့်, လယ်ယာမိုးမြေ, ရွှေငွေဥစ္စာ, အဖြာဖြာသည် သာတရူပေန – သာယာဖွယ်ယောင်, ဟန်ပန်ဆောင်သဖြင့်၊ အပ္ပိယံ-အခြေအမြစ်, အနေစစ်က, အနှစ်မပါ,

ချစ်စရာလုံးလုံး, မေတ္တာတုံးလျက်, ရှုံမှုန်းစရာ, ဆွေဥာရင်းနှီး, အသီးသီးသည်၊ ပိယရူပေန-ချစ်ခင်ဖွယ်ရန်, အကယ်မှန်သို့, သဏ္ဌာန်သရုပ်, ဟန်ပန်လုပ်သဖြင့်၊ ဒုက္ခံ - လူမင်း နတ်မင်း, ဗြဟ္မာမင်းနှင့်,ယင်းတို့စည်းစိမ်, အချိန်ရောက်က,ပျောက်ရမလဲ, ပျက်စမြဲမို့, ဧက်ခဲမုခ, ယုတ်စွအဆုံး, ဒုက္ခတုံးသည်၊ သုခဿ ရူပေန-မပျက်မစဲ, အမြဲလန်းကာ, စန်းပမာသို့, ချမ်းသာ လေယောင်, အနေဆောင်သဖြင့်၊ ပမတ္တံ-စရိုက်ဓလေ့, အမိုက် ငုံ့နှင့်, အတွေ့ကြီးတွေ့, အမေ့ကြီး မေ့သဖြင့်, အင့ေ့သင့်၍, ငါနှင့်အလားတူ, အများလူကို၊ အတိဝတ္တတိ - ပရမ်းပတာ, မချမ်းသာအောင်, လွှမ်းကာထိ၍, ဖိကြလေတော့သတည်း။

မှတ်ချက်။ ။သာယာဖွယ် မဟုတ်ပါပဲ သာယာဖွယ် ဟန်ဆောင်လျက်, ချစ်စရာ မဟုတ်ပါပဲ ချစ်စရာ ဟန်ဆောင်လျက်, ဆင်းရဲစရာတွေက ချမ်းသာစရာ ဟန်ဆောင်လျက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေသူကို ဖိစီးနေသည်။

သံသရာရေးကို ကြိုးစားသင့်သလောက် မကြိုးစားသည့်အတွက် ကြောက်မက်ဖွယ်ကို ပြသော

ပုထုဇဉ်အဖြစ်

ပစ္စက္ခတ္ထံ-နုယုဉ္ဇန္တိ,
နော စ-တ္ထံ သမ္မရာယိကံ၊
ဝိဝသာ နိပတာမာတိ,
အဇာနန္တာ ဇနာ ဗဟူ။

မယံ-ပုထုဇဉ် အနေမျှဖြင့်, တည်ရာဘုံဌာန, အခြေကျ သေး၍, ကလေကဝ နေရကုန်သော ငါတို့သည်၊ ဝိဝသာ

နိုပတာမာတိ-တဘဝရောက်က, ကြောက်စရာဖြင့်, ဆောက်မ ယိုယွင်း, အလိုကင်းလျက်, မည်ငြားသာ မမှန်းသာ, ပရမ်းပတာ ပင် ကျရောက်ရကုန်တော့မည်ဟူ၍၊ အဇာတသတ္တု ဇနာ ဗဟု မသိမိုက်မှောင်, သိသယောင်ဖြင့်, ဟန်ဆောင်ညာဝါး, သတ္တာ အများတို့သည်၊ ပစ္စက္ခတ္ထံ - လတ်တလောလက်ငင်း, ပက်ပင်း ဘုက်မျှ, ပစ္စက္ခမျိုး, မျက်မှောက်ကျိုးကို၊ အနုယုဉ္ဇန် - ဖြစ်သလိုသာ, နေနိုင်ပါလျက်, လွန်စွာပွားမှု, အများတို့၏ အားပြု ကြိုးစားကြလေကုန်၏၊ သမ္ဘရယိကံ အတ္ထံ ခန့်ညှဉ်ဖန်ခါ, ကြံစရာဖြင့်, မှန်စွာမညှိုး, နောင်သံသရာကျိုးကို၊ နောစ အနုယုဉ္ဇန်-ကိုယ်ရေးကိုယ်တာ, မဟုတ်ပါသို့, လွန်စွာဆေး, အရေးမလုပ်, အားမထုတ်လျင်း, နေနိုင်ခြင်းသည်....လွန်မင်း ကြောက်စရာကြီးပါတကား။

မှတ်ချက်။ ။လူတို့သည် နောင်သံသရာ ဘဝများစွာအရေးကို ယခု တဘဝ အရေးလောက် ဂရုမစိုက်ကြ၊ ထိုသို့ဖြစ်ပုံကို စဉ်းစား လျှင် အားလုံးအတွက် ကြောက်စရာ ကောင်းလှပေသည်။

ကိုလေသာမီး တည်းညီးလောင်တုန်းမှာ
ပျော်စရာ မကောင်းပုံနှင့် အဝိဇ္ဇာ အမှောင်ကင်းအောင်
အရောင်အလင်း ရှာသင့်ပုံကို ပြသော
အလင်းရှာရန်

ကိုံ နှုံ ဟာသော ကိမာနဿော,
နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရဝရန ဩနဒ္ဓါ,
ပဒီပံ နု ဂဝေသထ။

နိစ္စံ ပဇ္ဇလိတေ-တထောင့်ငါးရာ, ကိလေသာဟူ, လွန်စွာ ဆန်သီး, အလျှံမီးတို့, တည်းညီး တပြောင်ပြောင်, အရောင်မစဲ, အမြဲ-ခင် တောက်လောင် အပ်သည်၊ သတိ - ဖြစ်ပါလျက်၊ ဟာသော - ကာမဂုဏ် ငါးပါး, အာရုံမျှားဌ, တဟားဟား ဘပြုံးပြုံး, တရုံးရုံးပြောင်ကာ, မရှောင်ခွါပဲ, လောင်စာတွေ ဆည့်၍ နေကြခြင်းသည်၊ ကိ ံနု - မျက်မှောက် လက်ငင်း, အရှုပ်ကင်း၍, ချက်ခြင်းပင် အမျိုးထိသဖြင့်, တစုံးတစ်မျှ, အကျိုးမရှိကြတော့ပြီ၊ အာနန္ဒော-ပုထုဇဉ်ပီပီ, မသတိစရာ, ငါးဖြာအာရုံ, ကာမဂုဏ်အညှိတိုက်ဌ, အကြည်ဆိုက်၍ နေကြ ခြင်းသည်၊ ကိ ံနု-သမီးသားဘေး, စီးပွားရေးဌ, ကြီးလေးစွာ အမှုဆိုက်သဖြင့်,ပြုထိုက်ဖွယ်အရှယ်,အဘယ်မှာရှိပါတော့အုံနည်း၊ အန္ဓကာရေန -မသိဘိတ်တုံ, လုံးလုံးအန္ဓ, ဖြစ်ကုန်ကြအောင်, နိစ္စလှောင်ပိုက်, အဝိဇ္ဇာဘည်းဟူသော အမှောင်တိုက်ကြီး သည်၊ သြနဒ္ဓါ-ကိုယ်စီတွက်တာ, မဖျက်သာအောင်, ယှက်ကာ ပိတ်ဖုံး အပ်ပါကုန်လျက်၊ ပဒီပံ- အမှောင် ဖျက်ကြောင်း, အချက်ကောင်းသည့်, မဂ်လောင်းလျှပ်ညီး, ဉာဏ်ခတ်မီးကို၊ နဂဝေသထ-အခွင့်သာတောင်း, အခါကောင်းဌ, အကြောင်း တိုက်ဆုံ, မရှာမှီးပဲ, နေကြရကုန်ဘိသနည်း။

ခရီးသွားကြောက်ဖွယ်

ဂန္ဓဗ္ဗောစ ဒီဃော အဒ္ဓါ, ဥမ္မတ္တကာစ အဒ္ဓိကာ၊
ပါထေယျံ အပ္ပကံစေဝ, ဗဟုကောစ ပရိဿယော၊
တဏ္ဟာမိတ္တော ဗဟုမာယော, သုခံ ကော ခေမ-မေဿတေ။

ဂန္ဓဗောဓိ အဒ္ဓါ-စမရပ်မနား, ရဟတ်ချားသို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာကြီးကလည်း၊ ဒီဃော - လမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှေ, ရှည်လျားလှလေ၏၊ အဒ္ဓိကာ-သံသရာလမ်းတလျှောက်, စခန်းထောက်၍, တကောက်ကောက်သွားသူ, အများလူတို့ကလည်း၊ ဥမ္မတ္တကာ - ပုထုဇဉ်ပီပီ, မသတိစရာ, ငါးဖြာအာရုံ, ကာမဂုဏ်ဘီလူး ဖမ်းသဖြင့်, အရှုံးအနှမ်းတို့ချည်းသာတည်း၊ ပါထေယျံစေဝ-တဘဝရောက်က, မရောက်ရဖို့, ထောက်မ လှမ်းကာ, စခန်းသာမည့်, လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကံ - ယခုတန်း အလျှောက်, မှန်းသလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင် ခဲယဉ်းလှချေ၏၊ ပရိဿယောစ - ခရီးမှန်ဖယ်, အန္တရာယ်မကောင်း, ရန်စွယ်အပေါင်းကလည်း၊ ဗဟုကော-ရောက်တိုင်းပင် ဆုံစီး၍, အပုံကြီး များလှချေ၏၊ တဏှာမိတ္တောစ-အမြဲမကွာ, မခွဲသာသည့်, တဏှာမည်ခေါ်, အကြည်တော်ကလည်း၊ ဗဟုမာယော-ကိုယ်အနာခံ, သူသာ စံ၍, နှစ်ပြန်တင်စီး, အထင်ကြီးအောင်, ဆင်နည်းမာယာ, များလှစွာ၏၊ ကော-ခရီးသွားသူ, အများလူဝယ်, ဘယ်နှယ်ဘယ်ရိုး, ဘယ်သူမျိုးသည်၊ သုခံ- လမ်းစခန်းမှာ, မပန်းပါပဲ, ချမ်းသာစံဖွယ်, အန္တရာယ်ကင်း, ရန်စွယ်ရှင်းလျက်သာလျှင်၊ ခေမံ- ဘေးအတန်တန်, ဧရာမှန်သည့်, နိဗ္ဗာန်အောင်ခန်း, မြို့တော်နန်းသို့၊ ဃာတေ-မဂ္ဂင်ရှစ်ဖော်, ယာဉ်ပျံတော်ဖြင့်, ပျော်ပျော်ကြီးပင်, ခရီး တွင်အောင်, စီးနှင်ပေါက်ရောက်နိုင်ပါတော့ အုံ့နည်း။

တဏှာရေအယဉ်

တဏှာသောတေန ဝုယ္ဟန္တာ,
ပိယောမိဝေဂ စာလိတာ၊
ယာဝါပါယာ နိမုဇ္ဇန္တိ,
သတ္တာ သံသာရသာဂရေ။

သံသာရသာဂရေ - သမုဒ္ဒရာ, မကသာသည့်, သံသရာပြင်ကျယ်, ပင်လယ်ခရီးခွ၊ တဏှာသောတေန-အဝိဇ္ဇာပြု, တဏှာစုသည့်, အနုသယ သဘော, ရေယဉ်ကြောဖြင့်၊ ဝုယ္ဟန္တာ-ဒုက္ခစုကြွယ်, ထုအထယ်ဖြင့်, လှုံ့နှယ်တတန်, နတ်ဟန်တဖြာ, ဗြဟ္မာဟန်ပုံ, သဏ္ဌာန် စုံအောင်, ဆန်စုံ မျှောပါးရှိ နေကြရကုန်သော၊ သတ္တာ-ဘုရားအဆူဆူ, မလွယ်ကူသဖြင့်, ဆယ်ယူမသွား, ငါတို့လို အညှံ့စား သတ္တဝါတို့သည်၊ ပိယောမိဝေဂ စာလိတာ-အချစ်ဂိုဏ်း အတွက်, လိုင်း ဂယက်က, ဝိုင်း လျက်အ ဖုံ ဖုံ, တခုန်ထဲ ခုန်စေအပ် ကုန်သည် ဖြစ်၍၊ ယာဝါပါယာ-ဆင်းရဲမှုန်က, မကျန် ရအောင်, စံပြ မလွယ်, အပါယ် လေးတန်, အောက်သံသရာ, ဟို့သမုဒ္ဒရာ တိုင်အောင်၊ နိမုဇ္ဇန္တိ-ဥ၊ ခေါင်းမူကား, မပြူသာပဲ, နှုရာမှာဝဲ, ဒုလာစွဲသို့, ရှေ့လဲ နောက်တိုး, အပြစ်မျိုးကြောင့်, ညစ် ဆိုး ပေတေ, ကံစနစ်ထုတ်, အသစ်ရှပ်ဖြင့်, တနစ်မြုပ်ထည်း နစ်မြုပ်၍ နေကြရလေသတည်း။

မှတ်ချက်။ ။သံသရာရေကျော်ခွ မျှောနေရခြင်းမှာ အဝိဇ္ဇာနှင့်တဏှာ ရေအယဉ်ကြောင့် ဖြစ်၏၊ ထိုသို့ မျှောနေရာဝယ် အချစ်လိုင်း ပုတ်ခြင်းကို ခံရလျှင် အပါယ် ၄ ပါးတိုင်အောင် နစ်မြုပ် သွား၏၊ အပါယ် ၄ ပါး ရောက်လျှင် ကား

နောက်ထပ် အကုသိုလ်တွေ လွှမ်းမိုးသဖြင့် အထက်သို့ ပေါ်လာဖို့ ခဲယဉ်းလေသည်၊ ထို့ကြောင့် အချစ်လှိုင်း အပုတ်မခံရအောင် သတိပြုသင့်ကြသည်။

ပဒုမ္မာကြာပန်းများ နေရောင်ကြောင့် ညှိုးနွမ်းသလို ဇရာကြောင့် ညှိုးနွမ်းရမှုကိုပြသော

ဇရာအပြစ်

ပါတော ဖုလ္လံ ကောကနဒံ,
သူရိယာ-လောကေန ဘိဇ္ဇတေ၊
မနုဿတ္တံ ဂတာ သတ္တာ,
ဇရာဝေဂါ မိလာယရေ။

ပါတော- အရုဏ် နေ့ခင်းလင်း, ကပ်လာချဉ်း၍, ဆီးနှင်းရီမော,နံနက်စောစောအခါ၌၊ ဖုလ္လံ-ယနံ့ကြည်, မြေးပြန့်စိ၍, ပတ်လည် လေလွင့်, ကား ကား ပွင့်သော၊ ကောကနဒံ-စက္ကဝါက်ခေါ်, ငှက်များ ပျော်၍, ကြွေး ကြော် စေ တတ်, ကောကနဒ်ဟု, ခေါ်မှတ်စရာ, ပဒုမ်ကြာ သည်၊ သူရိယာ လောကေန- ဝေဟင် ကောင်းကင်နှင်း, နေစက်ဝန်းက, ရှန်းရှန်း ထိန်လင်း, တော ကပ်ခြင်းကြောင့်၊ ဘိဇ္ဇတေ ယထာ-ချပ်လွှာ မလန်း, ညှိုး နွမ်း ရင့် ကြုံ, ပျက်စီး ရပုံကဲ့သို့၊ မနုဿတ္တံ-ဗြဟ္မာ လူ၌, အင်ချင်းထံမျှ အတိ ဒုလ္လဘ, လူ့ဘဝသို့၊ ဂတာ သတ္တာ၊ သမ္ဘာဟုန်မြင့်, အစုံတင်၍, အသင့်တွေ့ကြုံ, ရောက်ရှိ ကြကုန်သော သတ္တဝါတို့သည်။ ဇရာ ဝေဂါ-တင့်ငွေ့ညှင်း, လွန်ထန်ပြင်းသည့်, ကိုယ်တွင်းမှာကြုံ, ဇရာတည်းဟူ၏သော နေ

အဟုန်ကြောင့်၊ မိလာယရေ-သွားကြိုးဆံဖြူ, နှားတွေ အူလျှက်, ကိုယ်မှု ပိန်ချုံး, လူညှန့်တုံးမျှ, လုံးလုံးကြီး ညှိုးနွမ်းရလေကုန် တော့သတည်း။

ရေသောင်း ။ငါ့ထက်ကြီးသူ, ငါ့အောက်လူ,ရှယ်ဘူသေကြ မျှားလှပြီ။
ခဏမစဲ, အိုစမြဲ, ကိုယ်လဲ သေဘက် နီးခဲ့ပြီ။

ဘုရားရှင်၏ ကိုယ်ရေတော်မျှား အနည်းငယ်
တွန့်လာပုံကို ရှင်အာနန္ဒာ မြင်ရသဖြင့်
ဘုရားရှင်အား လျှောက်၍
ဇရာကို ကြိမ်းမောင်းပုံ

ဓီတံ ဇမ္မီ ဇရေ အတ္ထု, ဒုဗ္ဗဏ္ဏကရဏီ ဇရေ၊
တာဝ မနောရမံ ဘီမ္မံ, ဇရာယ ပရိမဒ္ဒိတံ။

ဇရေ - မရဏမင်း, ကျွန်ရင်း ပီပီ, မသတီ စဖွယ်, တကယ် မသမာ, ဟယ်....ဇရာ၊ တုံ့-တနေ့ တနေ့, တဝေ့ဝေ့ ယိုယွင်း, အိုမင်းအစဉ်, မကြင်မနာ, နင်ဇရာသည်၊ ဒုဗ္ဗဏ္ဏကရဏီ နဂို အရေ, မစိုပြေပဲ, ကိုယ်ရေယွင်းကွက်, အဆင်း ပျက်အောင် ပြုတတ်လှလေစု၊ တာဝ မနောရမံ-ပန်းတော်အင်ကြင်း, ပင်လုံး ဝင်းမျှ, ပွင့်လင်း ရှက်ဝေ, မက်မပြေအောင်, ကျက်သရေ အစုံစုံတို့က, အဖုံဖုံ မြူးကြွသဖြင့်, ဖူးမဝနိုင်, အဆိုင်ဆိုင် ဒြပ်ကြွယ်၍, သပ္ပါယ်တော်မူလှပေသော။ ဘီမ္မံ-ဇမ္မူခက် မဟာ နဒီမှာ, နာရဏီ သိဂ်နိုက်ကဲ့သို့, တဖိတ်ဖိတ် ရောင်စုံကျင်းလျက်, သုံးလှုမင်း အသရေ, ရှေကိုယ်တော်မြတ်ကြီးကို၊ ဇရာယ-မကြင် မနာ, နင် ဇရာသည်၊ ပရိမဒ္ဒိတံ - အများတကာ,

အားမနာသို့, မျှားစွာ ကြိတ်ညှဉ်း၍, နှိပ်နင်း အပ်ခဲ့လေပြီ၊ ဇမ္မီ ဇရေ-ဂုဏ်ကိုမချိန်, သိန်ကိုမထောက်, အကြောင်းမဘက်, အရှက်မရှိ, အင်မတိ အင်မတံ, အထင်ခံဆိုရှုပ်သည့်, အယုတ်တမာ, ဟယ်....ဇရာ၊ တံ-အိုမင်းဘုရင်, နင်အဆင်၏၊ ဓိအတ္ထု-ရှိဖွယ်လုံးလုံး, မှုန်းဖွယ်ပြင်ပြင်, ခင်မင်စကား, အပထား၍, အမျှားမကြည်, မသတီသည်....ထို့ထို့ ထွေးလိုက်လေစွတကား။

ခဏာဘိုးတန်ပုံ

ဣမ ခဏံ ဝိရာဓေသိ, သဒ္ဓမ္မဿ နိယာမကံ၊
စိရံ ဘုံ အနုတပ္ပေသိ, သေရိ၀ါ-ယံ ၀ါဏိဇော။

ဣမ ဘ၀ေ-ဗုဒ္ဓပ္ပါဒ,ဒုလ္လဘကို,ကြုံရပေလစ်, ဤကဲ့သို့သော လူ.အဖြစ်၌၊ သဒ္ဓမ္မဿ- ဒုက္ခမီးစက်, ဆူဆူပွက်သည့်, ဤဘက်ကမ်းမှ, စခန်းထု၍, နန်းမ ခေမံ, နေရဗဏ်သို့, ဧကန်တက်ဝင်, မဂ္ဂင်ရှစ်ဖော်,ယာဉ်ဖျံတော်၏၊ နိယာမကံ-မသွေမှစောင်း,အနေကောင်းဖို့,လေကြောင်းကိုပြ,ပဲ.ကိုင်သူနှင့် တူလှစွာသော၊ ခဏံ-ကဘေကမ္ဘာ,လွန်လေပါလည်း,တခါတဖန်,ကြုံရန်ခက်တောင်း ဤကဲ့သို့သော အခွင့်ကောင်းကြီးကို၊ ယဒိ ဝိရာဓေသိ-ပျောက်စေ ပျက်စေ, အကယ်၍ ချုတ်ယွင်းခဲ့ချေအုံ၊ အယံ သေရိ၀ ၀ါဏိဇော၀-တချက်လွဲသဖြင့်,ခက်အခဲကြုံ,ပုလဲကုန်ရောင်း, ဤသေရိ၀မည်သော ဒေ၀ဒတ်အလောင်းကဲ့သို့၊ တုံ-အမှန်သိလင့်, အမှားကျင့်၍, မသင့်စိတ်ထား, သင်လို လူစားသည်၊ စိရံ-ယခု တဘ၀, ခွဲတ်ချော်ကမ္ဘာ,ဘ၀တာရှေ, မရေတွက်နိုင်လေအောင်၊

အနုတပ္ပေသိ-ပဲ့ ကိုင်ပျက်ပြီး, လေယာဉ်ကြီးသို့ ခရီးတာရှေ....
ပူပန်၍နေရပေလိမ့်သတည်း။

မှတ်ချက် ။ရှင်ဒေဝဒတ်အလောင်း ပုလဲကုန်သည် ဘဝတုန်းက ဘုရားအလောင်းကို ရန်စခဲ့၍ ဘဝအဆက်ဆက် ရန်ဘက်ကြီး ဖြစ်ကာ အဝီစိ၌ မျှားစွဲကျခဲ့ရသလို ယခုခေတ် အခါကောင်းကို တိမ်းစောင်း ချွတ်ချော်စေလျှင် တက်တက်စင် မှားမည် ဖြစ်၍ ယခုဘဝ၌ အထူးကြိုးစားသင့်ကြပါသည်။

ဘုရားရှင်ကို မမြင်ရပဲ မြေမျိုခါနီး၌
ရှင်ဒေဝဒတ်၏ ကန်တော့ခန်း

ဣမေဟိ အဋ္ဌိဟိ တ-မဂ္ဂပုဂ္ဂလံ,
ဒေဝါတိဒေဝံ နရဒမ္မသာရထိ၊
သမန္တစက္ခု သတပုညလက္ခဏံ,
ပါဏေဟိ ဗုဒ္ဓံ သရဏံ ဂတော-သ္မိ။

အဂ္ဂပုဂ္ဂလံ - ဂမ္ဘာ အလုံးတွင်, အသာဆုံး ပုဂ္ဂိုလ်လည်း ဖြစ်တော် မူပေထသော၊ ဒေဝါတိဒေဝံ - နတ်အပေါင်းတို့၏ ဦးခေါင်းညွှတ်လျှိုး, ခိုကိုးရာအစစ်,နတ်မင်းလည်း ဖြစ်တော်မူ ပေထသော၊ နရဒမ္မသာရထိ -ဆုံးမရန်ကြို,မျှားဖိုထိုးပုံကို, စုံလင် စွာသင်ပေးလျက် ယဉ်ကျေးအောင် ဆုံးမတော်မူပေထသော၊ သမန္တစက္ခု-ကြွင်းမဲ့ညီသုံ အလုံးစုံကို, အကုန်သိမြင်, သဗ္ဗညု ဉာဏ်ရှင်လည်း ဖြစ်တော်မူပေထသော၊ သတပုညလက္ခ-ရာပေါင်းမျှားစွဲ, ဘုန်းသမ္ဘာတော်, ကောင်းမွန်မြတ်ကြီး, တင့်တယ်သော လက္ခဏာတော်လည်း ရှိပေထသော၊ တံ ဗုဒ္ဓံ-

တုၢ်မနိုင်, ပြိုင်ၢ်မရ, ကမ္ဘာ့ထိပ်ခေါင်, ထိုနောင်တော်မြတ်ဘုရားကို၊ ဣမေဟိ အဒ္ဌိဟိ- အသားတွေ့ပျောက်, အရေခြောက်သဖြင့်, မျက်မှောက်ဆင်စ့ာ, ဤသုံးဆုသော အရိုးတို့ဖြင့်ရင်း၊ ဣမေဟိ ပါဏေဟိ-မငြိမ်လှုပ်ယှက်, ချုပ်ပျက်ခါနီး ဖြစ်သော ဤအသက်တို့ဖြင့်ရင်း၊ သရဏံ- ဥုးတင်ကျန, ဖူးချင်လှလည်း, မရတော့ပါ, ကိုးကွယ်ရာဟူၢ်သာလျှင်၊ ဂတောသ္မိ-အပြစ်ရှိသမျှ သတိရသဖြင့်, အာမင်္ဂံ, အကုန်ခံၢ်, အတန်တန် ဆည်းကပ်ခဲ့ပါသည်ဘုရား။

သာသနာ့ဥယျာဉ်ကြီးၦ် ရှင်ရဟန်းကောင်းတည်းဟူသော
သစ်ပင်များစိုက်ပျိုးနည်းကို ပြသော

ရှစ်ပြိုရဟန်းခံ

မဟာယေန္တ၊ မဟိရုဟေ, မဟန္တမိ မဟာဝနေ၊
မဟာဝိနံ မဟတ္ထာယ, နဥဏ္ဍံ နစ သီတလံ။

မဟန္တမိ မဟာဝနေ-မြိုင်ညိုမဟာ, သာသနာဟူ, ရောင်ဝါစုံကျင်း, ရဂုံတွင်းၦ်၊ မဟာဝိနံ-ကျေးဌက်အလား, လွန်အားထားသည့်, တရားယူဆင်, များလူရှင်တို့၏၊ မဟတ္ထာယ-ဒါန သီလာ, ဘာဝနာတို့ အရာရာဖြိုးလျက်, တိုးတက်ဖို့အလို့ငှာ၊ မဟိရုဟေ-သီလ သမာ, ဓိပညာဟူ, သိက္ခာ သုံးသွယ်, အနှစ်တယ်ၦ်, အရှယ်စုံကောင်း, ရှင်ရဟန်း တည်းဟူသော သစ်ပင် အပေါင်းတို့ကို၊ နဥဏ္ဍံ-ပစ္စည်းလေးဖြာ, သီတာ၊ရေချမ်း, •မဆွတ်ဖြန်းသဖြင့်, ညှိုးနွမ်းဆူဘို, အပူလည်း မမိရလေအောင်၊ နစ သီတလံ- ပစ္စည်းလေးဖြာ, သီတာ၊ရေအား, လောင်းဖန် များ

သဖြင့်, တရား ဝေးဘိ, အဒေသည်း မမိရုလေအောင်၊ မဟာ ယေန္တ - သုံးလှ ထုတ်တင်, ဘုရားရှင်၏, ဥယျာဉ်မြို့ကြီး, ဂနိုင်ဟီးအောင်, ခိုင်ပြီးပေါ်ရောက်စေကြကုန်လော။

မှတ်ချက်။ ။သာသနာတော် တည်းဟူသော ဥယျာဉ်ကြီးဝယ် ရဟန်းငယ် သာမဏေငယ် တည်းဟူသော ပင်ငယ်ကလေးများကို ပြုစု စိုက်ပျိုးသော ဒါယကာ ဒါယိကာမဘို့သည် ရေများ၍ အဆွေးလွန်မသွားအောင်နှင့်, ရေ မရ၍ ခြောက်သွေ့ မသွားအောင် သတိထား၍ စိုက်ပျိုးသင့်ကြပါသည်။ (ရေဟူသည် ပစ္စည်း ၄-ပါးပင်တည်း။)

ဒါနမျိုးစေ့ အမျိုးလွှဲ

ဗလာ စ အဝိဇာနန္တာ, ဒုမ္မေဓာ အသုတာဝိနော၊
ဗဟိဒ္ဓါ ဒဒန္တိ ဒါနာနိ, နဟိ သဒ္ဓေ ဥပါသရေ။

အဝိဇာနန္တာ-အကျိုးပြစ်ရန်, ခေတ်အမှန်ကို, ကောန်ပိုင်ပိုင်, မသိနိုင်ကြကုန်သော၊ ဒုမ္မေဓာ-အကျိုးရှိ မရှိ, ခဲ့ဝေ သိဖို့, မိမိပဋိသန်, ပင်ကိုယ်ဉာဏ်လည်း မပါကြကုန်သော၊ အသုတာဝိနော-ပညာရှိများ, ထံတော်ပါးဌ, အကြား အမြင်, နားဝင်ပြီးလည်း မရှိကြကုန်သော၊ ဗလာ စ-လူပြိန်း လူအ, လူန လူထိုင်း, လူရိုင်းတို့သည်ကား၊ ဒါနာနိ-ပင်ပန်းကြီးစု, ရှာမှီးရသည့်, ဒါနဝတ္ထု, မျိုးစေ့တို့ကို၊ ဗဟိဒ္ဓါ-အကျိုး ပင်ညောက်, ပေါက်ဖို့ ဝေးစွာ, လယ်ယာကြပ်, ဗဟိဒ္ဓါ၊ ဒဒန္တိ - လယ်ယာချင်းခြား, မစည်းစားပဲ, ပျင်းပြား ပုံသာ, စိုက်ပျိုးကြလေကုန်၏၊ သဒ္ဓေ-သီလ သမာ, ဓိပညာဟု, သိက္ခာ

ဇမ္ဗူ။ တိုင်းခွင်, လူ့ဂိုဏ်းဝင်အောင်, ဗိုင်းဝင်ကြကုန်သကဲ့သို့၊ တထာ-ပမာန်ရှိင်းယူ, ထို့အတူ၊ ဗုဒ္ဓသာသနေ - ဗုဒ္ဓမြတ်စွာ, သာသနာ လမင်း, ကမ္ဘာ့အတွင်းဌာ၊ ပါရမီသုတ္တာနိ - အမျိုးအလိုက်, အဖိုးထိုက်သည့်, စရိုက်အညီ, ပါရမီ ဆယ်ပါး, ချည်မျှင်မျှားတို့ကို ကန္ဓဝေါ-ပြိုင်ကြ ဆိုင်ကြ, အနိုင်ရလျက်, ကမ္ဘာ့တိုင်းခွင်, ဓမ္မဂိုဏ်းဝင်အောင်,ဗိုင်းဝင်လိုက်ကြကုန်လော။

မှတ်ချက်။ ။လသာခိုတ်ဌ အပြိုင်အဆိုင် ဗိုင်းဝင်ကြခြင်းသည် ပျော်စရာကောင်း၍ အကျိုးလည်း ရသကဲ့သို့, ဗုဒ္ဓမြတ်စွာ သာသနာလရောင် ထွန်းပြောင်ခိုက်ဌ သူ့ထက်ဝါ သာအောင် ပါရမီ ဗိုင်းဝင်ကြလျှင် ပျော်စရာ ကောင်း၍ အကျိုးတရားလည်း ကောင်းကောင်းရနိုင်ပါသည်။

ချစ်ခင်ရာဌ အကြောင်းအမျိုးမျိုး ရှိတတ်ပုံကိုပြသော

ချစ်ခြင်း၏အကြောင်း

ပုဗ္ဗေဝ သန္ဓိဝါသေန, ပစ္စုပ္ပန္နေ ဟိတေန ဝါ၊
ဧဝံ တံ ဇာယတေ ေ-ေမ, ဥပ္ပလံဝ ယထောဒကေ။

ဥပ္ပလံ ဝါ - ပန်းအ၊ဖြာဖြာ, စခန်းသာလျက်, စန်းဇလာ ပြိုးပြိုး, လွှမ်းကာမိုးသည့်, ပန်းကြာမျိုးသည်ရင်း၊ အညံဝါ-ပန်းပြင်တပါး, စန်းတွင်ပွားရ၍, ရင့်ထွားမောက်ဖြိုး, ဟင်းသို့ကတောက်မျိုးသည်ရင်း၊ ဥဒေါ-အပူ ဘေးဘယ, မြေးမခဖို့, ဧမြ ကြည်လင်, ရေစင် ရေကောင်းဌ၊ ဇာယမာနံ- တင့်တင့်ငှားငှား, စွင့်စွင့် ကားလျက်, ပွင့်ပွား ပေါ်ပေါက်လာသည် ရှိသော်၊ ဒီဟိ ကာရဏေဟိ - ပန်းအထွေထွေ, လျှမ်းဝေသို့,

စန်းရေ ညွှန်ပြောင်း, နှစ်ပါးသော အကြောင်းတို့ကြောင့်၊ ဇာယတေ ယထာ - မြရောင်သန်းလျက်, စန်း အထက်က, လျှမ်းတက်ဝေဝေ, ဖြစ်ပေါ်လာလေသကဲ့သို့၊ ဝေ-ပမာန္ဒိုင်းယူ, ထို့အတူ၊ တံ ပေမံ-မေတ္တာဒေစစ်, ပစ်ခွါလွှစ်၍,အဖြစ်မှာဆန်း, အချစ်ကြာပန်းသည်၊ ဇာယမာနံ- တည်ုးမေတ္တာ, တည်ုးမှာ၌, မြူးကာ ကွန့်လျက်, လွှန့်ကာ တက်သည်ရှိသော်၊ ပုဗ္ဗေ သန္ဓိ ဝါသေန ဝါ - ကွာ မဝေးလှ, ရှေးဘဝက, တကွ အတူ, ကြည်ဖြူ ပေါင်းသင်း, နေထိုင်ခဲ့ကြခြင်းကြောင့်ရင်း၊ ပစ္စုပ္ပန္န ဟိတေန ဝါ- အမှုလက်ရောက်, ခုမျက်မှောက်၌, တယောက်မည်း, တယောက်အကျိုးကို, သယ်ပိုး ရွက်ဆောင်ကြခြင်းကြောင့်ရင်း၊ ဇာယတေ-ချစ်ခင်သူ နှစ်ရပ်ကြား၌, ထပ်မနှားတင့်ဆန်း၍, အပွင့်ကြီး ပွင့်လန်းရလေသတည်း။

အခြားသူတို့ အခွန်းတရာထက် ချစ်သူတခွန်းသာ

အဖိုးတန်ပုံ

ပရေသံ သဘာဂိရာပိ, ပိယသော-ကာဝ နဂ္ဃတိ၊
ပိယော ပိယသ ဘာသေယျ, ပိယံ ဓမ္မူပ-သံဟိတံ။

ပရေသံ-ချစ်သူအမှန်, ချင်းချန်၍ထား, အများပျောထူ, အခြားသောလူတို့၏၊ သတဂိရာပိ-တစာစာ ညွှန်း, ၁၂၁ တွန်းသည့်, မလွှမ်းစရာ, အခွန်းတရာပင် သော်လည်း၊ ပိယသ-မခဲ့နိုင် မမှန်းနိုင်, အဆုံးတိုင် ပြစ်မသုံးသည့်, အချစ်ဆုံး တယောက်၏၊ ဧကာဝ-အကြောင်းက ဘယ်မျိုး, အကျိုးက ဘယ်နှယ်, အသွယ်သွယ် ဂုဏ်အင်ကို,စုံလင်အောင်ညွှန်းပြသည့်,

တခွန်း တပဒ လောက်မျှလည်း၊ နှ အဂ္ဂတိ-ကမောက်ကမ, တောက်မဆသဖြင့်, ကြောက်စရာ့အမျိုးမှန်, အဖိုးမတန်ဆောဒ့ ချေ၊ တသွာ-ချစ်သူပြောမှ, သဘောကျဖို့, လောကတံထွာ, ဓမ္မတာရှိလေသောကြောင့်၊ ပိုယော - ရှေးကြောင်း ရေစက်, မေတ္တာဆက်၍, ချစ်သက်ဝေဝေ, ချစ်ခင်နေသူ တယောက်သည်၊ ပိယသ-နိဗ္ဗာန်ဘုံခွင်, အစုံဝင်ဖို့, အခုံမင်ဆုံး, အချစ်တုံးအား၊ ဓမ္မုပသံဟိတံ-ခုရောနောင်ပါ, သံသရာဝယ်, ဖန်ခါတိုးပွား, အကျိုးအားဖြင့်, မျှားသင့် မျှားလတ်, တရားနှင့် စပ်သော၊ ပိယံ-အရင်း စစ်လျှင်, ပြစ်မတင်ဖို့, ချစ်ခင်ဖွယ်တောင်း, စကားကောင်းကို၊ ဘာသေယျ-ချော့၍တလီ, မြောက်ချီတဖြာ, ချောက်ခါတဖုံ, အကုန်အစင်, ခုံတမင်ဖြင့်, စုံလင်သောမန, သဘောကျအောင်, ပြောပြသင့်လေတော့သတည်း။

မှတ်ချက်။ ။ပုဂ္ဂိုလ်ခင်မှ တရားမင်သတ့ဲ။

အလုပ်မှန်လျှင် ကဲ့ရဲ့ခံရမှာ မကြောက်သင့်

ဗဟူဟိ ပစ္စုဟာ သဒ္ဒါ, ခမိတဗ္ဗာ တပသိနာ၊
နှ တေန မက္ခံ ဟောတဗ္ဗံ, နှ ဟိ တေန ကိလိဿတေ။

ပစ္စုဟာသဒ္ဒါ-မစ္ဆေ ဣဿာ, အာဘိဗျောကြောင့်, စိတ်မှာ ရိုင်းမှ, ကသိုဏ်းပြုသို့, ဂိုင်းစုပြောဆို, ထိုထိုမတရား, အသားမဟုတ်, အမျှားရှုပ်အောင်, အားထုတ် ပြောဆိုအုပ်သော စကားတို့သည်၊ ဗဟူဟိ ဗဟူဝေ-လူရော ရှင်ပါ, မသက်ဘို့, စဉ်လာ ပွားရည်း, တရား နည်းသဖြင့်, တားဆီး မရအောင်,

အားကြီးလှကုန်သည် သာတည်း၊ တပသိနှာ-ရိုးသားဖြောင့်မတ်, အကျင့်ဓာတ်ဖြင့်, မြင့်မြတ် အတည်, မနသီကောင်း, တပသီအဲပေါင်းသည်၊ ခမိုဏာဗွာ-တောင်တောင်ကျိုကျို, မကြုံစည်ပဲ, ခန္ဓီတရား, ကိုယ်မှာထားလို, အမျှားဏိဒဏ်, သတိဉာဏ်ဖြင့်, သည်းခံ အောင့်အီးထိုက်ကုန်၏၊ တေန-ထို သူငါ မဲ့မဲ့, တရဲ.ရဲ.နှင့်, ကဲ့ရဲ့သင့်ဂိုဟ်, စကားတင်း ဆိုမှုကြောင့်၊ နမက်ံ ဟောတဗ္ဗံ-သည်ခေတ် သည်ခါ, သည်လိုသာဟု, ဓမ္မတာနှုန်း, အသာပြုံးရ, နှလုံး ကြည်ရှင်, ထီ မထင်ရာ၊ ဟိ ယုဇ္ဇံ-ဆိုခဲ့စကား, တရားမလင့်, အမျှားချင့်က, သင့်လှ လေတော့၏၊ တေန-ထို မဟုတ်မမှန်, လုပ်ကြုံ မဲ့ရဲ., ကဲ့ရဲ့သင့်ဂိုဟ်, စကားတင်း ဆိုမှုကြောင့်၊ နကိလိဿတေ-မြဂ္ဂ အဆောင်, ပွတ်တိုင်းပြောင်သို, အရောင် မည်းဲ, တန်ဆောင်တိုးသည်, ဖြိုးဖြိုးဝေဆာ်လိမ့်မည်တကား။

မှတ်ချက်။ ။တောဝက်တို့သည် မြဂ္ဂအတွင်းဌာနေသော ခြသေ့ကို မြင်နေရသဖြင့် ကြောက်သောကြောင့် မြဂ္ဂ အရောင်ညိုးအောင် ရှုံ့ပွက်ဌ လူးရ ပွတ်ကြဘူးလေသည်။

ပါရမီဖြည့်ဘက်တို့ အတူတူ ကျင်လည်ရတတ်ပုံ ပြသော

ပါရမီဖြည့်ဘက်

ဒုန္ဒုဒ္ဒနှာ သဠေရန္ဒိ, ပါရမီ သဟ စာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ, သုခိတေ သုခိတာ သဒါ။

ပါရမီ သဟ စာရိနော-ရှေးကြောင်း ရေစက်, မေတ္တာ ဆက်ရ, နှစ်သက် ကြည်နူး, ပါရမီ'ဖြည့်ဘက် နှစ်ဦးတို့သည်၊ ဒုန္ဒုဒ္ဒနှာ-လူဌ်လဲစုံ, နှတ်လဲ စုံရ, ရှောဘုံ ရိပ်စံ, တိရစ္ဆာန်လဲ

မောင်နှံ တဲ့ကြကုန်လျက်၊ သဠုရန္တိ-တွေ့ရာ ဘုံထဲ, ကြုံစမြဲမို့, စုံတဲ့မကွေ, ကျင်လည်ရလေကုန်၏၊ ဒုက္ခိတေ-ချစ်သူတယောက်, ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာမှောန္တိ·အလျင်းမခဲ့, အတင်းတဲ့ရ, အညှဉ်းဆဲဒဏ်, အဆင်းရဲ ခံကြလေကုန်၏၊ သုခိတေ-ချစ်သူ တယောက်, ချမ်းသာ ရောက်သည် ရှိသော်၊ သဒါ သုခိတာ-ကိုယ်စိတ် လန်းစ, စန်းပမာသို့, လျှမ်းကာ အတူ, ချမ်းသာတော်မူကြလေကုန်သတည်း။

မှတ်ချက်။ ။ပါရမီ ဖြည့်ဘက် တို့သည် ဇနီးမောင်နှံချင်းသာမက, အမျိုးမျိုးသော အမော်အပေါင်း အဖြစ်ဖြင့် တွေ့ဆုံကြ၏။ ထိုသို့ တွေ့ဆုံကြရာ၌ အချင်းချင်းလည်း အကူအညီ ပေးနိုင်ကြလေသည်၊ အရှင်အာနန္ဒာ, အရှင်အနုရုဒ္ဓါ, အရှင်သာရိပုတ္တြာ, အရှင်မောဂ္ဂလ္လာန် အလောင်းတော်မျှားနှင့် ဘုရားအလောင်းတို့ မကြာမကြာ တွေ့ဆုံခဲ့ကြဘူးလေသည်။

ထို့ကြောင့် ယခုအခါ သာသနာတွင်း၌ ရင်းရင်းနှီးနှီး တွေ့ကြုံဆုံစည်းကြရသူတို့သည် ပေါ့ပေါ့ဆဆ သဘောမထားပဲ တယောက်၏ ပါရမီကို အခြားတယောက်က ကူညီသောအားဖြင့် အမြဲ သတိထားသင့်ကြပေသည်။

ဘုရားအလောင်းတော် တောထွက်သွားသည့်အခါ

ယသော်ဓရာ စုဘုရား၊ တမ်းတပုံ

ဟာ မယှ ပိတိဇနနာ, ဟာ မမ နရပုဂ်ဝါ၊
ဟာ မမ သုရူပရူပါ, ဟာ မမ ဝရလက္ခဏာ။

မယှံ-မဒ္ဒီအဖြစ်, မောင့်ကိုချစ်၍, တောပစ်ကိုခံ, တောမှာ စံလျက်, တောဒဏ်ဖြင့်ပျော်, နှမတော်၏၊ ပိတိဇနနာ-အသုံး

ယဉ်ယဉ်, မမုန်းချင်အောင် ပြုံးရှင် စေတတ်, အို....မောင်တော်မြတ်ဘုရား! ဟာ-ယခုမှုပင်, မပျော်ရှင်အောင်, တမင်ရှောင်လျက်, တောတောင်သာခန်း, မောင်တော် လှမ်းရှု, မြန်းတော်မူရက်လေခြင်းဘုရား။

မမ-ကိန္နရီ ဘဝတုန်းက, ချုံးချုံးချလျက်, တမ်းတနှောင့်နှေး, မောင့်အရေးဖြင့်, တွေးကာ တွေးကာ, ငိုကြွေးခဲ့ရပါသော နှမတော်၏၊ နရပုဂ်ဝါ-လူနတ်ကောင်းအောင်, သောင်းအထောင်၏, ခေါင်းဆောင်ရှေ့သွား, အို... မောင်တော်မြတ်ဘုရား၊ ဟာ-တဖန်ယခု, ငိုအောင်ပြု၍, စုစုကိုရှောင်, တောတောင်သာခန်း, မောင်တော်လှမ်းရှု, မြန်းတော်မူရက်လေခြင်းဘုရား။

မမ-အမရာမည်, အခါဆီဝယ်, သာကြည်ရှင်ပျော်, အရှင်ကျော်အောင်, ထင်ပေါ်စေမူ, ကူညီ၍ပြုခဲ့ရသော နှမတော်၏၊ သုရှုပရှုပါ-တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, လန်းဆန်းမြင့်ကြွယ်, ဘုရင့်အလယ်မှာ အတင့်တယ်ဆုံး ဖြစ်တော်မူသော မောင်တော်မြတ်ဘုရား၊ ·ဟာ- သွေးတော်နှုန့, သားရှေ့ဥမ္ပ,မရှုနိုင်အောင်, တောတောင်သာခန်း, မောင်တော်လှမ်းရှု, မြန်းတော်မူရက်လေခြင်းဘုရား။

မမ-အမရာမည်, အခါဆီဝယ်, သာကြည်ရှင်ပျော်, အရှင်ကျော်အောင်, ထင်ပေါ်စေမူ, ကူညီ၍ပြုခဲ့ရသော နှမတော်၏၊ သုရှုပရှုပါ-တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, လန်းဆန်းမြင့်ကြွယ်, ဘုရင့်အလယ်မှာ အတင့်တယ်ဆုံး ဖြစ်တော်မူသော မောင်တော်မြတ်ဘုရား၊ ·ဟာ- သွေးတော်နှုန့, သားရှေ့ဥမ္ပ,မရှုနိုင်အောင်, တောတောင်သာခန်း, မောင်တော်လှမ်းရှု, မြန်းတော်မူရက်လေခြင်းဘုရား။

မမ-လေးသခ္ခေါ်ထက်, ဟို့ဟိုဘက်က, မပျက် နှစ်ကိုယ်, မောင်တော်ကိုရှ, မောင်တော်ပြု၍, ယခု ယသော်, နှမတော်၏၊ ဝရလက္ခဏာ- ယောကျားမြတ်တို့၏ အမှတ်တံဆိပ်ဖြင့်, ခတ်နှိပ်စုံလင်, ဂုဏ်အင်ကြီးမား အို....မောင်တော်မြတ်ဘုရား၊ ဟာ-တရားအသစ်, ဘုရားဖြစ်မှ, သားချစ်နှင့်အာဠ,

နှာယူမည်မှန်းဆလျက်, တမ်းတကာ တကိုယ်ရေးဖြင့် ငိုကြွေး၍ ကျန်ရစ်ရချေပေါ့ဘုရား။

မှတ်ချက်။ ။[ဤဂါထာသည် သက္ကတစာလုံးဖြင့် ရိုက်နှိပ်အပ်သော လလိတဝိတ္ထာရ သုတ္တန်ခေါ် မြောက်ပိုင်း ဗုဒ္ဓဘာသာကျမ်းစာမှာ လာသော ဂါထာတည်း၊ အနက်ကိုကား (ကျမ်းရင်းအလို မဟုတ်) အဓိပ္ပါယ်လှအောင် သွယ်ဝိုက်၍ ပေးထားသည်။]

၁။ ယသော်ဓရာ အလောင်းသည် မဒ္ဒီမိဖုရား ဘဝတုန်းက ဘုရားအလောင်းနှင့်အတူ တောထဲ၌ သစ်သီး သစ်ရွက် သစ်အုမျှားကို ကိုယ်တိုင်ရှာလျက် အဆင်းရဲခံခဲ့၏။

၂။ စန္ဒကိန္နရီဇာတ်၌ ဘုရားအလောင်း မြားဆိပ်မှန်နေစဉ် ရှင်ဘုရင်က ဖျားယောင်းသော်လည်း ရှင်ဘုရင်ကို ရန်တွေ့လျက် တောင်ပေါ်သို့ တက်ပြေးကာ ဘုရားအလောင်း ကိန္နရာ၏ ချမ်းသာရေးကိုသာ တောင့်တမြည်တမ်းခဲ့၏။

၃။ မဟောသဓာတ်၌ အမရာဒေဝီ အဖြစ်ဖြင့် မဟောသဓာကို ကူညီခဲ့၏၊ အမရာ၏ အကူအညီကြောင့် မဟောသဓာသည် ရာဇဝတ်ဘေးမှ လွတ်ရလေသည်။

၄။ အမျိုးသမီးများမှာ ကမ္ဘာတသိန်းမျှ ပါရမီဖြည့်လျှင် အထက်တန်း ပါရမီ ပြည့်နိုင်သော်လည်း ယသော်ဓရာကား ဘုရားအလောင်းနှင့်အတူ ၄ အသခ်ေကျော်အောင် ကြာခဲ့ရလေသည်။

လောကမံနှင့်တွေ့လျှင် မတုန်လှုပ်ထိုက်ပုံကို ပြသော

စိတ်ဓာတ်နိုင်မာရေး

ဖုဋ္ဌသ လောကဓမ္မေဟိ, စိတ္တံ ယဿ နကမ္မတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလ မုတ္တမံ။

လောကဓမ္မေဟိ-ဖြစ်က ပျက်တုံ, ဓလေ့ဘုံမှ, တွေ့ကြုံကြရိုး, လောကမံ တရားမျိုးတို့သည်၊ ဖုဋ္ဌသ-တနေ့ မမိ, တနေ့ မိဖြင့်,

တွေ့ထိ နှိပ်စက် အပ်သော၊ ယဿ-လောက ဇာတ်ခြာ, ဓာတ်သဘောကို, ခပ်ပေါပေါ ဆင်ခြင်၍, ထင်မြင်ရိပ်မိ, သတိ်ရှိသော အကျင့်ပုဂ္ဂိုလ်၏၊ စိတ္တံ-ကြီးကျယ်မြင့်မား, စိတ်နေစိတ်ထားသည်၊ နကမ္မဝိ-တုန်လှုပ်ဖောက်ပြား၍, ချောက်ချားလေ့ မရှိချေ၊ အသောကံ-အမျိုးမျိုးချိန်, ညှိုးမှိန်မှိန်ဖြင့်, စိုးရိမ်ကြောင့်ကြ, သောကဗျာပါရလည်းမရှိချေ၊ ဝိရဇံ-နှစ်သက်ဖွယ်တို့, မခုံမမင်, စုံလင်ညစ်ကြေး, အပြစ်ဘေးမှ, ကင်းဝေးစင်ကြယ်ခဲ့ပေ၏၊ ခေမံ-အန္တရာယ် ဘေးဘယ, မြေး မခသဖြင့်, တမြေထဲ မြေလေတော့သတည်း၊ ဇေတံ-သောကလည်းကင်း, မှုဇာစ်ရှင်း၍, ဘေးဏင်းရန်ကုန်, ဤမတုန်မလှုပ် နေနိုင်ပုံမျိုးသည်၊ ဥတ္တမံ မင်္ဂလာ-ဒုစရိုက်မျိုး, မကောင်း ကျိုးကို, ပယ်ချိုးသတ်ဖြတ်, အမြတ်ရတနာ, မင်္ဂလာကြီး တမျိုးပါပေတည်း။

မှတ်ချက်။ ။လောကဌ် တွေ့ရကြုံရတတ်သော သဘောအမျိုးမျိုးကို "လောကဓမ်"ဟု ခေါ်၏၊ လာဘ်ရခြင်း, မရခြင်း, အခြေအရံပေါခြင်း, မရှိခြင်း, ချီးမွမ်းခံရ, ကဲ့ရဲ့ခံရခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်းဟု အကောင်း ၄-ပါး မကောင်း ၄-ပါး ရှိ၏၊ အကောင်းတွေ့လဲ မကြွနှင့်, မကောင်းတွေ့လဲ မကျနှင့်, ကြွလဲ တုန်လှုပ်သည်, ကျလဲ တုန်လှုပ်သည်။

ဇေဆဝ။ လောကဓမ်တွေ့ရိုးမို့, အမျိုးမျိုး တွေ့ရမယ်၊
စိတ်အနေ မတုန်လှုပ်အောင်, ထိန်းချုပ်ပါ့ကွယ်။

သံယောဇဉ်ကြီး

အယော ယောတ္တဟိ ယောဇေန္တိ,
ယထာ လောကေ ဥမ္မတ္တကေ၊
သံယောဇနေဟိ ယောဇေန္တိ,
တထာ ဝဋ္ဋေ ပုထုဇ္ဇနေ။

လောကေ-ထင်ရှားစုပ်, ယခုကြုံသည့်, လူ.ဘုံ ဌာန, ဤ လောကဌ၊ ဥမ္မတ္တကေ - သည်းခြေ သွေးလျှမ်း, ဘီလူးဖမ်းရှိ ရူးနှမ်းကြသူတို့ကို၊ အယောယောတ္တေဟိ- အသက်ဆုံးတိုင်, မရုန်းနိုင်အောင်,ထုံးပိုင်ခိုင်ဖြိုး,သံနှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိ ယထာ- ခြေလက် နှစ်သွယ်, ခါးလယ်တကြိုး, အမျိုးမျိုးဖြင့်, တိုးလျိုးလှုပ်လို့, မပြုတ်တဲ့အောင်, တုပ်ဖွဲ့ချည်နှောင်-ကြကုန်သ ကဲ့သို့ တထာ-ပမာနိုင်ယူ, ထို့အဘို့၊ ဝဋ္ဋေ-မရပ်မတည့်, ပတ် ပတ်လည်၍ ထိုဤပြောင်းပြန် ဗလောင်းဆန်အောင်, ကောင်း ရန်လွတ်ကင်း, ဝဋ္ဋအတွင်းခဲ့၊ ပုထုဇနေ-အရိယာဂိုဏ်းဝင်,သမိုင်း တင်ကျ,မင်မပါ, ထမ္ဘာအောက်တန်း, ငါတို့လို ပုထုဇဉ် အရှုး အနှမ်းတို့ကို၊ သံယောဇနေဟိ - ဥဒ္ဒေသပစ္စည်း, သားသမီးနှင့် ပွားစီးဆွေဥာ, မနေသာအောင်, ရှေကြာလေတိုး, သံနှောင် ကြိုးတို့ဖြင့် ယောဇေန္တိ-မခွာနိုင်စဲ, ဧခဲနိုင်ချစ်, မပစ်နိုင်ရက်, မပျက်ရှည်ကြာ,အချိသာလျက်,ဖြိုကာခက်ဖို့ သက်သက်ရှုပ်ဘူ., မပြုတ်တဲ့အောင်,တုပ်ဖွဲ့ချည်နှောင်ကြလေကုန် တောဝ့သတည်း။

မှတ်ချက်။ ။အရှုးသည် သံကြိုးဖြင့် ချည်နှောင်ထားမှ ငြိမ်၏၊ ပုထုဇဉ် အရှုးမျှားလည်း ငြိမ်နေအောင် သံယောဇဉ်ကြိုးဖြင့် ချည်နှောင် ထားရ၏၊ "သံယောဇဉ်" ဟူသည် ပစ္စည်ဥစ္စာ ဆွေဥာ အပေါင်း အသင်းမျှားနှင့် သမီး ခင်ပွန်း သားသမီးတည်း။

အချစ်များသလောက် ဒုက္ခများပုံကို ပြသော
အချစ်၏ဒုက္ခ

မာနိဘာ ယတ္တကာ ယသ, ဒုက္ခတာ တသ တတ္တကာ
ကိ ံ နု နော ဒုက္ခဘာယန္တာ, ပိ ယမ္ပာ စ အဘိရုနော။

ယသ-ချစ်လျှင်ပျော်နိုး, ချစ်စပ္ပါ်း၍, ချစ်ရိုးချစ်စဉ်, အကြင်ပုထုဇဉ်၏၊ မာနိတာ-မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယတ္တကာ-တစ် နှစ် သုံး လေး,ဂဏန်းရေးက, စစ်ဘေး ဆက်ပွား, အကြင်မျှလောက် များကုန်၏၊ တသ- ချစ်လျှင်ပျော်မည့်,အထင်ရှိ၍,ခင်မိခင်ရာ, ခင်ကြရှာတောင်း, ထိုပုထုဇဉ် အပေါင်း၏၊ ဒုက္ခတာ-မကင်းစမြဲ, အတင်းတွဲ၍, ဆင်းရဲရန် အကြောင်း,ဒဏ်အပေါင်းသည်၊ တတ္တကာ-ချစ်ချစ်သမျှ,တစ်နှစ်ကလျှင်, စ၍တွက်ရေ, ထိုမျှလောက်ပင် များပြားလေကုန်၏၊ နော-သူတော် သူမြတ်, အတူ မှတ်၍, လူဘာတ် ရှောင်သွေ, ကို့တဝတ္ထုသည်၊ ဒုက္ခဘာယန္တာ-ဒုက္ခမြောက်အမျှား, ရောက်မသွား ဖို့, ထောက်ထား ထိုထို, ကြောက်အား ပိုကြ ပါကုန်လျှင်၊ ပိ ယမ္ပာစ-ဒုက္ခဖြစ်ကြောင်း,အချစ်အပေါင်းမှကား၊ ကိ ံ နု အဘိရုနော-မကြောက်နိုင်ပဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အာဃယ်ကြောင့် ချစ်ခင်၍ နေဝံ့ကြကုန်လေဘိသနည်း။

မှတ်ချက်။ ဒုက္ခဟူသမျှသည် သမုဒယခေါ် တဏှာမှ ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် တဏှာလောဘပြင့် ချစ်စရာတခုရှိလျှင် ဒုက္ခလောင်းတခုဟု မှတ်၍ ချစ်စရာများသလောက် ဒုက္ခတွေ့မျှားမည်ကို ခန့်မှန်းနိုင်ပါသည်၊ လောကဌ် မိမိ၏ အထူးချစ်သူ မဟုတ်သမျှ ရာထောင်မက ဒုက္ခရောက်ကြသော်လည်း မိမိစိတ်မှာ

မထိခိုက်သေး၊ ချစ်သူတယောက် ဆင်းရဲဒုက္ခရောက်လျှင်ကား မိမိစိတ်မှာ လွန်စွာထိခိုက်ကြလေသည်။

သီလရှင်အဖြစ် ဒုစ်သက်ဖွယ်
ထေရာနံ နန္ဒောဝါဒေန,
ရာဇဓိတာ ပုရေ ပုရေ၊
နန္ဒရေ ဒေဝီသံ ဝေသံ,
ဒီနံ ဒက္ခ အနုပွကံ။

ထေရာနံ- အနေမြင့်မြင့်, အခြေတင့်၍, ရှေ့နှင့်စိန်ခေတ်, အရှိန်ဟုပ်သို့, ထိန်လျှပ်ပြည်ခ္ဍန်, သီလဝန်ဟု, ထေရ်မဲ့နန်ထေရ်ကျော်, ထေရ်မဟော်တို့၏၊ နန္ဒောဝါဒေန- တရားမလစ်, သနားချစ်၍, အားသစ်ထုတ်ဖော်, မိန့်ခွန်းတော်ကြောင့်၊ ပုရေ ပုရေ-ရှေးရှေးအခါ, သာသနာ၏, ရောင်ဝါဖြိုးလက်, တန်ခိုးထွက်၍,ကိုးရက်စဖွယ်,အသွယ်သွယ်မို့,အစို့စို့လိုင်း, မြို့မြို့တိုင်း၌၊ ရာဇဓိတာပိ-မယ္ယဉ်ပြိုင်တန်း, ပင်တိုင်နန်း၌, ရှင်လန်းမွေ့လျော်,သမီးတော်တို့သော်မှလည်း၊ အနုပွကံ ဒီနံ-ခုရောနောင်ပါ,သံသရာဝယ်, မှန်စွာမုချ, မနုဿ၏, ရှုပ်စရာ့ အကြောင်းဒုက္ခအပေါင်းကို၊ ဒက္ခ - အကြံကုန်ဖွင့်, ဉာဏ်ကုန်လှင့်၍, ဆင့်ဆင့်စုံစုံ,မြင်ကြကုန်သည်ဖြစ်၍၊ ဒေဝီသံ ဝေသံ-တရားပေစာ, ဒေဝနာကို, ဖေ့ရှာလေ့ကျက်, နေ့မပျက်ပဲ, နံနက်ဆွမ်းတော်, ညပန်းတော်ဖြင့်, ကော်ရော်ဆီမီး, ပူဇော်ပြီး၍, အိပ်ပြီးအိပ်ရာ, နိုးသောခါဝယ်, ဝေနေယျာများ, မေတ္တာပွားလျက်, တရားယူဆင်, များလူရှင်တို့, ခင်မင်စနိုး, ဤငါတို့ရဲ့, အသွင်အပြင်မျိုးကို၊ နန္ဒရေ-ခင်တာတင့်တင့်,ယဉ်သန့်ပြင့်ဟု, ရှင်သဖြင့်အနေ...

အသရေတိုး, အခြေပျိုးလျက်, အမျိုးမျိုး နှစ်သက်ကြလေ ကုန်တော့သတည်း။

မှတ်ချက်။ ။ထောင်သုံးရာမပြည့်မီ အချိန်က မြန်တန်ဆာမှ မခင်တင့် ခေါ် . ကလေးမလေးသည် "ထေရာနန္ဒီ" အမည်ဖြင့် သီလရှင် ဝတ်ရာ၌ ရေးပေးအပ်သော ဥဒါန်းဂါထာ ဖြစ်သည်။

သီဂီ ဩဝါဒ

ဧတံ သိဂိ သောဟိ, တောဒိ သာဓုသမ္မတံ၊
သာဓု ယာဝ ဇရာ သီလံ, သိဂိနံ သိဂိမဏ္ဍနံ။

သိဂိ-မြို့စခန်း, ဖိုမှန်းလျက်, ချမ်းစေ့ချင်, ပေန်းဆင်၍, ယေဉ်ပမာ, ရောဆုတောင်း, သူပေါင်းနှင့်, ကျောင်းခိုမှီ, ဟဲ့-သိဂိ၊ တံ-စားလဲ, ဒေ, သွားနှင့်, ဝတ်ရေးနေထိုင်, စုံဆိုင်၍ အပြိုင်ကြ, ဘေးမခသဖြင့်, ဧ ပထမအချုပ်, ရောမှ မြေတဲ့ ဤအ လုပ်ကို၊ သောဟိ- လောကီအရေး, မရည်တွေးပဲ, သောသာ, နှစ်သက်ပါလော၊ တောဒိ-ဃရာနှောင်တွင်း, ခွါရှောင်ကွင်း၍, ရှင်းရှင်းဧ, နေနိုင်တဲ့ ဤအရေးကို၊ သာဓုသမ္မတံ- ကမ္ဘာ့တဝှမ်း ဓမ္မလမ်းကို, မျှော်မှန်းသိမြင်, သူတော်စင်တို့, ခင်မင်ကြတောင်း, ပဌမအကောင်းဟု, အကြောင်းထုတ်မှတ်၍, သမုတ်အပ်ခဲ့ပေပြီ၊ သိဂိနံ-အတွင်းမှာမျောင်, ပြင်ရှေရောင်ဖြင့်, ဟန်ဆောင်မဝတ်, အထွတ်အထိပ်, သိဂိနိုက်သွေး ရှေရောင်ပြေးသည့်, ရှေးရှေးအခါ, လောင်းလျှာတို့၏၊ သီလံ သိဂိမဏ္ဍနံ- ဤအဝတ် ဤအရေ, ဤအနေမှ, မသွေဖီ, အတည်ကုဖို့, သီလရာဘနာ, ရှေတန်ဆာ သည်၊ ယာဝ ဇရာ-ငယ်စဉ်တောင်ကြေး, အကလေးမှ, ပြေးပြေး

ကြီးရင့်, ဇရာ သင့်အောင်၊ သာဓု-ကြာလေ ကောင်းလစ်, ဟောင်းတိုင်းသစ်၍,စနစ်မကွယ်,.....မဖယ်မစောင်း, တကယ် ကောင်းသဖြင့် အပေါင်း သုံးထိုက်သည့်, အကောင်းဆုံး တန်ဆာပေတကား။

မှတ်ချက်။ ။၁၃၀၀ ပြည့် မဟိုင်မိုက ဒုတိယ မဟာဂန္ဓာရုံချမ်းဆရာတော်ဘုရားကြီး၏ အောက်ပြည်နေ "သေးဂီ" မည်သော တပည့်အား လူမထွက်ချင်အောင် ဩဝါဒ ဂါထာ ရေးဖို့ရန် အမိန့်အရ ရေးရသော ဂါထာ ဖြစ်သည်။

သုဓမ္မစာရီ၏ဥဒါန်း

သုဒုလ္လဘံ သုလဒ္ဓါန,
ဓမ္မမေဝ မဟံ စရေ၊
ဇာရကော ဟေ....ဃံရာဝါသော
ရီတ်ဒုက္ခာန မာလယော။

အဟံ-ပစ္စုပ္ပန်ရေး, သံသရာရေးကို, မြော်တွေးရှုရာ, ယခု ငါသည်၊ သုဒုလ္လဘံ-အပါယ် ၄ ပါး, သတ္တဝါများကို, ထောက်ထားကြည့်မှ, မလွယ်ကူလှ, အလွန်ရခဲသော လူ့ဘဝကို၊ သုလဒ္ဓါန- ဒေသလည်းကောင်း, မိဘကောင်းဟု, ကောင်းကောင်းဆရာ, ဉာတကာနှင့်, ကောင်းစွာလှလှ, ကိုယ်ပိုင်ရသည်ဖြစ်၍၊ ဓမ္မမေဝ-မှတရားသူ, အများလူနှင့်, အတူမယှက်, တရားသက်သက်ကို သာလျှင်၊ စရေ စရေယုံ - ဤအဝတ် ဤအရေ, ဤအနေမှ, မသွေမစောင်း, အခြေကောင်းအောင်, ကောင်းကောင်းပုံသေ, ကျင့်၍နေပေတော့အုံ၊ဃရာဝါသော-

အိမ်ရာတည်ထောင်, ဟိုလူ့ဘောင်ကြီးသည်၊ ရိုတိဒုက္ခာနှ-
နေ့ရော ညဉ့်ပါ,ဘယ်ခါမလပ်, ထပ်တလဲလဲ, မပြတ်စဲနိုင်သည့်,
မြဲအဖုံဖုံ, အစုံစုံသော ဒုက္ခမျိုးတို့၏၊ အာလယော-တမျိုးက
ပျောက်, တမျိုးရောက်လျက်, နောက်ဆက်ရှည်ကြာ, မကြည်
သာအောင်, မှီရာအစစ်, တည်ရာကြီး ဖြစ်လေသောကြောင့်၊
ဟေ....စာရကော - ကြောက်ဖွယ် ရှုံ့စရာ, မလွန်သာလျက်,
စွန့်ခွာ ခက်ဖို့, သက်သက် မြုပ်လျှောင်, မလှုပ်အောင်လျှင်,
တုပ်နှောင်ကြိုးတား, ဟုင်....အလွန်ဆိုးဝါးတဲ့ အချုပ်ထောင်
တမျိုးပါတကား။

မှတ်ချက်။ ။ထောင့်သုံးရာ မတိုင်မီက ရေးသားအပ်သော "သုဓမ္မ
စာရီ"မည်သော သီလရှင်ကလေး၏ ဥဒါန်းကျူးဖွဲ့ရာ သီလ
ရှင်ပြု တရားဂါထာ ဖြစ်သည်၊ အပါယ် ၄-ပါးတွင် မျက်မြင်
ဖြစ်သော တိရစ္ဆာန်များ၏ ပရက်ဆိတ်တအုံ့ ငါးတဉ်အတွင်း
စသည်၌ များပြားနေပုံ, နိုင်ရာစားနေကြပုံကို စဉ်းစားလျှင်
လူ့ဘဝသည် အလွန်ရခဲကြောင်း ထင်ရှား၏။

မိန်းမစွမ်းရည်

န ခေါ သဗ္ဗေသု ဌာနေသု,
ပဏ္ဍိတော ဟောတိ ပုရိသော၊
ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ,
တတ္ထ တတ္ထ ဝိစက္ခဏာ။

သဗ္ဗေသု ဌာနေသု - ထိုဤ မှုဆောင်, ယခု နောင်ဟု,
လူ့ဘောင် သာသနာ, ကမ္ဘာက ပိုင်း, ဌာနတိုင်းတို့၌၊ ပုရိ
သော-မောက်တကြွားကြွား, ကြောက်မအားဖို့ ထောက်ထား

မတတ်,(သင်းတို့လို)ယောကျ်ားဇာတ်ကသာလျှင်၊ ‘ပဏ္ဍိတော-စခန်း ကြုံဖန်, ကြဌန်း ဆန်ဖို့, လမ်းမှန် ထွင်ကာ, မယှဉ်သာ အောင်, စဉ်လာ ကဝိ, ပညာရှိသည်၊ နှ ခေါ် ဟောတိ-ကလိယုဂ် ခေတ်ဆန်း, အပြစ် လွှမ်းသမို့, တစ်ဂဏန်း အနေ, ဖြစ်စတမ်း မဟုတ်တော့ချေ၊ ဣတ္ထိပိ - ကမ္ဘာ့ ချက်ဘွေ, ကျက်သရေဆောင်, ဂုဏ်ရောင် ထိန်ကြား, မိန်းမသားတွေ သည်လည်း၊ တတ္ထ တတ္ထ-တဆိတ်ကမ္ဘ,စိတ်မချသဖြင့်, နီစ္ဆပြုလို, ကိစ္စအမှုထိုထို၌၊ ဝိစက္ခဏာ-ကျမ်းကျင်ရာတွင်,ပမာတင်အောင်, ရာဇဝင်အရ, စာတင်သလျက်, ပညာ့အပေါ်တွင်, အကျော်ဝင်ဖို့, ပေါ်ထင်စေဘို, အမြော်အမြင်တွေ, ရှိကြပေသည် ဖြစ်၍၊ ပဏ္ဍိတာ ဟောတိ - အကြုံစိတ်ဆန်း, ဉာဏ်ထိပ် လွှမ်းလျက်, ပဏ္ဍိတ်စွမ်း ပြနိုင်ပါသေးသည်တကား။

မှတ်ချက်။ ။ကုလ္လာကေသီမည်သော သင်ဌေးသမီးသည် ခိုးသူယောကျ်ား-ကို ယူမိ၏၊ ခိုးသူက ပုရိယာယ်ဖြင့် တောင်ထိပ်ပေါ်သို့ ခေါ်သွားရ၍ လက်ဝတ် လက်စား ယူပြီးမှ တောင်ထိပ်က တွန်းချ ဖို့ရန် စီမံရာတွင် နောက်ဆုံး ချစ်ခင်ဟန် ဥာဏ်ဆင်၍ သူက အလျင် တွန်းချလိုက်သောအခါ အမျိုးသမီးအား တောင်စောင့်နတ်က “ယောကျ်ားများသာ ပညာရှိသည် မဟုတ်, မိန်းမများ လည်း ပညာရှိသည်”ဟု ချီးကျူးလေသည်။

ဌေ၏သတ္တိ

ဗာလာပိ ပဏ္ဍိတာယန္တိ, ဒုဗ္ဗဏ္ဏာပိ သုဝဏ္ဏိနော၊
သတ္တိမံ ရူပိယံ လောကေ ဇိဏ္ဏာပိ တရုဏာယရေ။

ယေန ရူပိယေန - သကတ်မည်သို့, ဒြပ်တိုးလျက်, မြတ်နိုး ချင်စေ, အကြင်ငွေကြောင့်၊ ဗာလာပိ - လူဖျင်း လူအ, လူန

လူထိုင်း, လူရိုင်းကြီးတို့သော်မှလည်း၊ ပဏ္ဍိတာဃယန္တီ- ပြောနိုင်ဆိုနိုင်, ဆုံးဖြတ်နိုင်သဖြင့်, မဏ္ဍိုင်တဆူ, ပညာရှိကြီး ဖြစ်တော်မူကြလေကုန်၏၊ ဒုဗ္ဗဏ္ဏာပိ - အခြင်းမက, ဆင်း မလှသဖြင့်, တွင်းပပုပ်သိုး, အရုပ်ဆိုးကြီးတို့ သော်မှလည်း၊ သုဝဏ္ဏနော-ပဇဲကိုယ်ရင်းထက်, အဆင်းထွက်၍, ဝင်းစက် စင်ဖြူ, လှပတော်မူကြလေကုန်၏၊ ဇီဏ္ဏာပိ - ရွတ်တွ ယိုယွင်း, အိုမင်းလေပြီး, အဘိုးကြီး အမယ်ကြီးတို့ သော်မှလည်း၊ တရုဏာဃယရေ-သက်နှစ်ဆယ်ဟန်, သူငယ်ပြန်လျက်, ယွယ်တန် ယွယ်တူ, နုနယ်တော်မူကြလေကုန်၏၊ လောကေ - မပို စေ့စုံ, ကိုယ်တွေ့ကြုံသည့်, လူ ဘုံဌာန, ဤလောကဌ၌၊ ရူပိယံ-ဘုရင်အပေါင်း, ဥုးခေါင်းစုံနှိပ်, ပုံတံဆိပ်ဖြင့်, ဂုဏ်ဟိတ်တော်တို့, ထိုင်ရှိမျိုးသည်၊ သတ္တိမံ ဝတ-ရမ္မက်မပြေ, ကျက်သရေဖြင့်, တက်နေလျှမ်းပြိုင်, စခန်း ပိုင်အောင်, လှမ်းနိုင် ပလေ, ဩော်....စွမ်းနိုင်ပေစွတကား။

မှတ်ချက်။ ။ငွေသည် အလွန်သတ္တိရှိ၏၊ လူဖျင်း လူအကိုလည်း လူတော်လူတတ်နေရာ ရောက်အောင် ပို့ဆောင်နိုင်၏၊ အဆင်း မလှသူကိုလည်း အဆင်းလှသူနှင့် တန်းတူဖြစ်အောင် ပို့ဆောင်နိုင်၏၊ အဘိုးကြီးကိုလည်း အပျိုအရွယ်သူငယ်မတို့နှင့် ရွယ်တူဖြစ်အောင် ရှက်ဆောင်နိုင်၏၊ ထို့ကြောင့် ငွေရှိလျှင် ဘာမဆို ဖြစ်နိုင်သည်ဟု လောကဌ ယူဆကြလေသည်။

နောက်မဆုတ်စမ်း

ဒုက္ခရုံ ဒုက္ခရုံ ဣတိ, ဗဟု ဘာဃယန္တိ ယာဒိသာ၊
ကဒါ တံ သုကရုံ ဟောတိ, ဒုက္ခရုံပိ ကရေ ဇနော။

ယာဒိသာ-ရှေပကတူး, မတ္တေဘူးသဖြင့်, အထူးဒိဋ္ဌ, စိတ်မချ အောင်, နှိုးရှုပ်ပြမ်း, အကြောင်းကဲ့သို့သော, ကိစ္စလုပ်ငန်းမျှ၊ ဒုက္ခရုံ ဒုက္ခရုံဂူတိ-ကြုံတိုင်း ပျက်ပြယ်, ကွက်မလယ်အောင်, ခက်တယ် ခက်ဘယ် ဟူ၍၊ ပဟူ-အရေးမကြွယ်,ကလေးနှယ်သို့, သေးငယ် သောအား, သဘောထားသူ, အမျှားလူတို့သည်၊ ဘာယန္တီ-မဟာန်နိုင်ပုံ,ကြုံမှိုင်တွန့်၍, ကြောက်ရုံ့ကြလေကုန်၏၊တံ တာဒိသံ-ကြုံဘိုင်း ရှုံးရာ, မလွန်သာအောင်, တွန့်ကာနောက်ဆုတ်, ထို ကြောက်စရာ အလုပ်သည် ကဒါ သုကရံ ဟောတိ - ဘယ်ခါ ဘယ်ဘွက်, ဘယ်အချက်ကြောင့်, လွယ်လျက်ဘာသာ, လာနိုင် ပါတော့အုံနည်း၊ ဇနော-ကံဘက်လုံ့လ, ထုံးအရဖြင့်, သုံးကြ သာကြည် မဟာရည်သည့်, ဌာနီဘလွှား, ဇာနည်မျှားသည်၊ ဒုက္ခရုံပိ ကရေ-ခက်ပင်ခက်စေ, မပျက်ခဲလအောင်, ရက်ရှေ မှန်မှန်, အတန်တန်လျှင်, ဖန်ဖန်ကြိုးကုတ်, ပြုလုပ်သင့်လေတော့ သတည်း။

မတ်ချက်။ ။အလုပ်သစ်ကို ခက်တယ်လို့ ကြောက်နေလျှင် ဘယ်တော့မှ မလွယ်နိုင်သောကြောင့် အခက်ကိုပင် စဆုံ လုပ်သင့်၏၊ ထိုသို့ စ၍ ပြုလုပ်မိသောအခါ တဖြည်းဖြည်း အကျင့်ရသဖြင့် လွယ်ကူ လာလိမ့်မည်၊ ထို့ကြောင့် မိမိနှင့် ထိုက်တန်သော အလုပ်ကိစ္စ ဟူသမျှဝယ် ဘယ်အခါမျှ နောက်မဆုတ်ပဲ ရဲရဲဝံ့ဝံ့ ပြုလုပ်သင့် ကြပါသည်။

လူကြီးသူမ ရှိခဲ့ခြင်း၏ ကျေးဇူး ပြခြင်း ရှိသမျှ

ယေ ဝုဒ္ဓ-မပစာယန္တိ, နရာ ဓမ္မသ ကောဝိဒါ၊
ဒိဋ္ဌေဓမ္မေ စ ပါသံသာ, သမ္ပရာယေ စ သုဂ္ဂတိ။

ဓမ္မသာ-ရင့်သူ တ သ,မြင့်သူ ခလျက်,အစစ ရှိသေ, အရှေ့ပွားတိုး, အပစ္စယနေ တရားမျိုးဌ၊ ကောဝိဒါ-အလိုက် အလာ, ထိုက်ရာလမ်း တွင်,စခန်းထင်ဖို့, ကျမ်းကျင်မျ ားလှ အဝါးဝကဲ့နှ်ု သော၊ ယေ နရ-မိကောင်း ဘခင်,ဆရာရှင်တို့, သွန်သင်ထိုးပြ, ဆုံးအမကို,လုံးဝသင်ယူ,အကြင်သူတို့သည်၊ ဝုဏ်-အသက် သိက္ခာ ထေရ၇ါခေါင်ရင့်, ဂုဏ်ရောင်တင့်၍, ကြီးမြင့်သောသူကို၊ အပစ္စယဇွန် နေရာကိုခင်း, လမ်းရှောင်ကင်း၍, အိမ်တွင်း အိမ်ပြင်, အစဉ်ရှိသကြလေကုန်၏၊ တေ နရာ-အလိုက်အလာ, ထိုက်ရာမြင့်သူ, ရှင်လူအပေါင်း, ထိုအမျိုးကောင်း သားသမီးတို့ကို ဒိဋ္ဌေခမ္မေစ -မျက်မှောက်ထင်ထင်, ရှုမြင်အပ်သော, လတ်တလောဘဝ-ပစ္စက္ခဋ္ဌလည်း၊ ပါသံသာ - လှူ့စခန်းတွင်, ဥဒါန်းတင်လျက်,အစဉ်မပြတ်, ချီးမွမ်းလည်း ချီးမွမ်းအပ်လေကုန်၏၊ သမ္ဘာရယေ စ-ကိုလေသာ ကံ, ဖန်သည့်အလိုက်, ကြိမ်ကြိုက် ရောက်ရ, နောက်ဘဝ-ဋ္ဌလည်း၊ သုဂတိ ဂရုကတ, ပြုစရာ့ဖြင့်, သုခပေါင်းစပ်, ဂတိကောင်း ဂတ်မြတ်ကို၊ ဣစ္ဆိတဗ္ဗာ-မြေလက်ခတ်နဲ့, မြောက်သည့်ခဲသို့, မ ခြေဝံ, ဒသ့မလှနိုပ်, ဧကန်ပင် အလိုရှိအပ်တော့သတည်း။

မှတ်ချက်။ ။"မိမိထက်ကြီးသူ" ဟူရာ၌ လောကိုဂုဏ်အားဖြင့် ရာထူးကြီးသူ, အသက်အရွယ်ကြီးသူ, အကျင့်သီလာ ဝါကြီးသူ, ဤအားလုံး ပါဝင်၏၊ ရှိရှိမျှ ရှိသောဂုဏ်ဆောက်သည့်မည်သည့်, ဂုဏ်အားခြင်း ဂရုတစိုက် ဆက်ဆံခြင်းလည်း ရှိသေခြင်းပင်တည်း။

သံရှစ်ချက်

သံသာရ စက္ကဝိဒ္ဓံသံ, သံသုဒ္ဓ-မဿ သြရသံ၊
သံဆိန္ဒကံ ဘဝေ ဒုဿသံ, သံဃံ အပိ သုမာနသံ။

သံသာရစက္ကဝိဒ္ဓံသံ-အမှန်မသိ, တပ်မက်မိက, ကသိကအောက်ဒုက္ခရောက်ဖို့, ကမောက်ကမ, လှည့်လည်ရသည့်, ဘဝဖန်ခါ, သံသရာစက်ကြီးကို, ဖျက်ဆီးပေတတ်, ဘုရားရတနာမြတ်ကိုဌင်း၊ သံသုဒ္ဓံ- ယုတ်မာညစ်ညမ်း, ပြစ်မသန်းပဲ, သစ်ဆန်းစင်ကြယ်, သွယ်သွယ်ပိုဌကတ်, တရားရတနာမြတ်ကိုဌင်း၊ **အဿ**-ထိုတရားသခင်, ဘုရားရှင်၏၊ သြရသံ-တရားရင်နှစ်, သားစင်စစ်လည်း ဖြစ်ပေထသော၊ ဘဝေ ဖြစ်လျင် ပျက်မြဲ, မလွဲတံထွာ, သံသာရနှောင်ကွင်း, ထောင်အကျဉ်းခ၊ အာသံ-တပ်မက်ခင်မင်, လိုချင်တွယ်တာ, တဏှာသဘော, အာသာကြောကို၊ သံဆိန္ဒကံ-စွဲလမ်းလွှတ်ကင်း, ဇွတ်အတင်းဖြင့်, အလျင်းပြတ်စေ, ဖြတ်တောက်တော်မူပေထသော၊ သုမာနသံ-ဘွင်းပ ညစ်ကြေး, အပြစ်ဝေးသဖြင့်, ဧမြမြ, ကြည်လင်သော စိတ်လှည်း ရှိပေထသော၊ သံဃံအပိ- ရှစ်ပါးအရိယာ, မြတ်သံဃာဟု, ရတနာဝင်တောင်း, အရှင်ကောင်း အရှင်မြတ်မျှားကိုဌင်း၊ ဝန္ဒာမိ-ရိုသေမြတ်နိုး, လက်စုံမိုးရ, ရှိခိုးကန်တော့ပါ၏ဘုရား။

မှတ်ချက်။ ။ဂါထာပါဒ တပါဒ၏ အစ အဆုံးခ "သံ" အက္ခရာ ရှစ်လုံးပါအောင် ရွေးဆရာတော်တို့ စီကုံးအပ်သော ဂါထာ ဖြစ်၏။ ရတနာ ၃ ပါးကို ရှိခိုးသောဂါထာ ဖြစ်၍ အန္တရာယ်ကင်းအောင် **ရွတ်ဆို ရှိခိုးလေ့ရှိကြ**၏။ သို့သော် တဘဝအတွက် အန္တရာယ် ကင်းဖို့**ထက် ဘဝမျှားစွာ** အန္တရာယ် ကင်းအောင် ဂုဏ်တော်ကိုသာ **အာရုံပြုပါ**။

သိကြားမင်းက သုသိမမည်သော သားတော်ကို ဆုံးမသော အပျစ်အပြစ်

အနုဋ္ဌဟံ အဝါယာမံ, သုခံ ယတြာ-ဓိဂစ္ဆတိ၊
သုသိမ တတ္ထ ဂစ္ဆာဟိ, မာ ဠ္ဟ တတ္ထေဝ ပါပယ။

သုသိမ· ရေခဲနှင်းဖြန်း, ထမင်းကြမ်းသို့, ပျင်းတမ်းပြိုင်မှ, အနိုင်ယူမည့်,အတူဝေးလျက်,ဟဲ့-စေက်စက် သုသိမ၊ အနုဋ္ဌဟံ-မရမက,ရ မပဟု, ကျကျနန, ထထကြွကြွလည်း မရှိပါပဲလျက်၊ အဝါယာမံ-ကမ္ဘာကြေစေ,ငါမသေဟု,တာရှေဆုံးမ, ထုံးအရ ဖြင့်,လုံးလလည်း မပြုပါပဲလျက်၊ ယတြ ဒေသေ-လူ မရောက် အပ်,နတ် မရောက်ရာ, ဗြဟ္မာတော်မျှ, မနေရသည့်, အကြင်သို့ သော ဒေသ၌၊ သုခံ-ကိုယ်စိတ်လန်းစွာ,စန်းပမာသို့, လျှမ်းကာ အသင့်, ချမ်းသာခွင့်ကို၊ အဓိဂစ္ဆတိ-ကံစ ဉာဏ်စ, မဖန်ရပဲ, ကြုံသမျှ မသေ, အမှန်ပင် ရနိုင်လေ၏၊ တတ္ထဒေသေ-ကြုံသမျှ ဖြင့်, ဟန်ရနိုင်ရိုး, ထိုကဲ့သို့သော ဒေသမျိုးသို့၊ ဂစ္ဆာဟိ-တရား မပိုက်, အမှားလိုက်ဖို့, သားမိုက်ပီပီ, သွားနေချည်လော၊ တတ္ထေဝ-အားမစိုက်ပဲ, အမိုက်ကဲလျက်, အမြဲချမ်းမြ, ထိုဒေသ သို့သာလျှင်၊ မ-ဠ္ဟ-ကံစွမ်း ဉာဏ်စွမ်း,လုံ့လစွမ်းကြောင့်, နတ်နန်း ဌ၌ပျော်, ခမည်းတော်ကိုလည်း ၊ ပါပယ-တမ္ပြီ တနန်း, တဖို့ ဆန်းသဖြင့်, တိုမြန်းစရာ, ပိုစမ်းပါ၎လော။

မှတ်ချက်။ သင်ဟာ ပျင်းတဲ့သူတွေ ချမ်းချမ်း သာသာ နေရတဲ့ အရပ်သို့ သွားရှာ နေပါချေ၊ ထိုအရပ်မျိုးကို တွေ့လျှင် ငါ့ကိုလည်း ထိုအရပ်သို့ ပို့ပေးပါ-ဟု ပြောသည်၊ အမှန်ကား ထိုအရပ်မျိုး မရှိပါ။

ယဉ်ကျေးမှု

ဒန္တံ နယန္တိ သမိတိံ, ဒန္တံ ရာဇာ-ဘိရုဟတိ၊
ဒန္တော သေဋ္ဌော မနုဿေသု, အတ္တာဒန္တော တတောဝရံ။

ဒန္တံ-ယဉ်ကျေးလိမ္မာ, ရတနာဟု, မဟာဝင်တောင်း ဆင်မြင်းကောင်းကို၊ သမိတိ-မင်းခမ်း မင်းနား, မင်းအများနှင့်, မင်းပါးအစုံ, ခိုလှုံသွယ်သွယ်, ဗိုလ်ပုံလယ်သို့၊ နယန္တိ၊ မရှောင်ခပင်း, အခေါင်နင်းရှိ, ဆောင်သွင်းကြလေကုန်၏၊ ဒန္တံ-ရဲစွမ်းသာကြည်, မဟာရည်ဖြင့်, ဇာနည်ဝင်သွေး, ယဉ်ကျေးလိမ္မာ, ဆင်မြင်း ရတနာကိုသာ၊ ရာဇာ - မင်းများ ထိပ်ဆောင်း, မင်းကောင်း မင်းမြတ်, မင်းဇာတ်အစစ်, ကေရာဇ်သည်၊ အဘိရုဟတိ-ရှေက ရှေကြို, ထီးဖြူ မိုးလျက်, မြတ်နိုး ကြည်ဖြူ, စီးတော်မူ၏။ မနုဿေသု မည်သူးသကဝ်, အမျိုးဇာဝ်ဖြင့်, ဖြိုးလျပ်သူးတာင်း, လူအပေါင်းတို့တွင်လည်း၊ ဒန္တော-ကိုယ်နေ ညက်ညော, အပြောချိုချို, မတိုစိတ်ထား, တရားစုံလင်, အကုန် ယဉ်သော သူသည်၊ သေဋ္ဌော-ဇာတ်မြင့် မျိုးမြင့်, အားလုံးမြင့် ထက်, ဆင့်ဆင့်မှတ်ထုံ, မပြတ်သုံးဖို့ အမြတ်ဆုံး ဖြစ်သေးတာ့ သတည်း၊ အတ္တာဒန္တော-ကိုယ့်ကိုယ်ကိုယ်ပင်, အလွန်ယဉ်အောင်, သွန်သင်ထုံးပြု၍, ဆုံးမနိုင်သောသူသည်ကား၊ တတောဝရံ-ပစ္စုပ္ပန်တင့်, သံသာမြင့်ဖို့, ဆင့်ဆင့်ရတနာ, တော်မဟာဏက်, ကဲသာထူးခွန်, အမွန်မြတ်ကြီး ဖြစ်ပါပေသတည်း။

မှတ်ချက်။ ။တကယ့် အစည်းအဝေး မင်းပွဲပရိသတ်မျိုးဌ ယဉ်ကျေးသော ဆင်တော် မြင်းတော်ကိုသာ ရှင်ဘုရင်တို့ စီးလေ့ရှိသော ကြောင့် ယဉ်ကျေးသော ဆင်ရတနာ မြင်းရတနာသည် အဖိုးတန်

ပါပေတဲ့၊ ထိုဆင်မြင်းတို့ဆက် မိမိကိုယ်၏ ယဉ်ကျေးခြင်းက သာ၍ အဖိုးတန်ပါသည်။

အရာရာ အောင်မြင်နည်းကို ပြသော
အောင်မြင်ရေး

ဝရံ ဇယေ နိ၀ါတေန, ဘေဒေနေ၀ ဇယေ သူရံ၊
နိစံ အပ္ပကဒါနေန, ၀ါယာမေန သမံ ဇယေ။

၀ရံ-ရာထူး ဂုဏ်သိန်း, စည်းစိမ် ဥစ္စာ, ကဲသာ မြတ်မှုန်, ကိုယ့်ထက်လွန်သူကို၊ နိ၀ါတေန-ကိုယ်ကို နှိမ့်ချ,သူကိုခ၍, နှိစ္စ လေးနာ, အရေးပါသဖြင့်သာလျှင်၊ ဇယေ မ စ ချီးမြှောက်, ခရီး ရောက်၍, ပြီးမြောက်'အစဉ်, အောင်မြင်ရာ၏၊ သူရံ-အပေါင်းအဖော်, အကြောင်းတော်၍,ခေါင်းမော်စော်ကား, ရဲသူမျှားကို၊ဘေဒေနေ၀-ရဲဘော်ငယ်သား,နောက်ပါမျှားနှင့်, ကဲ့ပြားစေမှ,နည်းသစ်ပြုလျက်သာလျှင်၊ဇယေ-အနွှဲရှုယ်ကင်း, ရန်စွယ်ရှင်းဖို့, ညှင်းညှင်းသာသာ, အောင်နိုင်ရာ၏၊ နိစံ-ရာထူး ဂုဏ်သိန်, စည်းစိမ် ဥစ္စာ, အရာရာ၀ယ်, စာနာ ထောက်ဆ, အောက်ကျသောသူကို၊ အပ္ပကဒါနေန-တစိုးတစိ, နှိုင်းညှိကြံ ဆောင်, တန်ဆောင်ချီးမြှင့်မှုဖြင့်၊ ဇယေ- အရေးပေါ်လျှင်, ပေးဘော် ကူဘက်, သူ့အတွက်ဖြင့်, အချက်ကျ ရှောင်တခင်, အောင်မြင်ရာ၏၊ သမံ-ကိုယ့်အောက်မသက်, ကိုယ်ထက်မမြှင့်, အသင်မှန်းယူ,အတန်းတူသောသူကို၊ ၀ါယာမေန-သူ့မှာကိစ္စ, တွေ့ကြုံကမ္ဘ, လုံ့လကြိုးကုတ်, အားပါးထုတ်သဖြင့်၊ ဇယေ-

မိတ်ဆွေဝတ်နှင့်, မချတ်ကျင့်၌, မလင့်တာရှေ, အောင်စွမ်း စေရာသတည်း။

မှတ်ချက်။ ကိုယ်နှိုးတက်သာနေသူကို အောင်မြင်ဖို့ရာ မိမိကိုယ်ကို နှိမ့်ချပါ၊ ရဲရင့်သူကို ဘသင်းအပင်းခွဲ၍ အနိုင်ယူပါ၊ ကိုယ့်အောက် နိမ့်ကျသူကို စွန့်ကြဲပေးကမ်းပါ၊ တန်းတူနေသူ၏ အတွက်ကား သူ၏ကိစ္စကို ကူညီရှက်ဆောင်ပါ။

အဆင်းလှ၍ အမျိုးမြတ်သော်လည်း ပညာမရှိက
လူ့ပေါက်ပန်း ဖြစ်ရတတ်ပုံကို ပြသော

ပညာမဲ့အဖြစ်

ရူပယောဗ္ဗနသမ္ပန္နာ, ဝိသာလကုလ သမ္ဘဝါ၊
ဝိဇ္ဇာဟီနာ နသောဘန္တိ, နိဂ္ဂုန္ဒာ ဣဝ ကိံသုကာ။

ရူပယောဗ္ဗနသမ္ပန္နာ- ယမင်းတမ္ပ, အဆင်းလှ၍, ဝင်းပ ဆက်သွယ်, အယ္ဟယ်ဂုဏ်နှင့်, စွယ်စုံတင့်ကုန်သည်ဖြစ်၍၊ ဝိသာလ ကုလသမ္ဘဝါ-တန်ခိုးဇာတ်နှင့်, ဒြပ်မြင့်၍, ထပ်ဆင့်ကြားအင်, ကြွယ်ဝသောအမျိုးဌာ ဖွားမြင်ရပါကုန်သော်လည်း၊ ဝိဇ္ဇာဟီနာ- အတတ်ပညာ, အလိမ္မာဟု, ချိန်စာ ဉာဏ်ယွင်း, အမှန်ကင်း ကုန်သည်ရှိသော်၊ နိဂ္ဂုန္ဒာ ကိံသုကာ ဣဝ- ဂနိုင်တခင်း, ကြိုင်မှသင်းပဲ, မြိုင်တွင်းတောကြား, ပေါများလေလွင့်, ပေါက်ပန်း ပွင့်တို့ကဲ့သို့၊ နသောဘန္တိ-အရှုမခံ, အသရေ ညံ့လျက်, ရှုံ့လင့်ကွယ်, မတင့်တယ်နိုင်ကြလေကုန်။

မှတ်ချက်။ ။အဆင်း လှ၍ အမျိုး မြတ်သော်လည်း အတတ်ပညာ အလိမ္မာ မရှိလျှင် ပညာရှိတို့၏ အစည်းအဝေး သဘင်အလယ်၌

မတင့်တယ်ပါ၊ ဥပမာ- အဆင်းလှသော ပေါက်ပန်းပွင့်သည် အနံ့ မရှိသောကြောင့် မတင့်တယ်သကဲ့သို့ ဖြစ်ပါသည်။

မြလေးပန်းကား အဆင်းကလည်း ဖြူစင်သန့်ရှင်း၍ အနံ့ကလည်း တသင်းသင်း မွှေးသောကြောင့် အမျိုးသမီးများ၏ ဦးခေါင်း ထက်၌ တင့်တယ်နိုင်၏၊ ထို့ကြောင့် မြလေးပန်းသဖွယ် တင့်တယ်အောင် သတိထား၍ ကြိုးစားကြပါ။

ပညာသင်မပေးသောမိဘတို့ ရန်သူနှင့်တူပုံကို ပြသော

ရန်သူမိဘ

မာတာ သတ္တု ပိုတာ ဝေရီ, ယေန ဗာလော နပါဋ္ဌိတော၊
နသောဘတေ သဘာမဇ္ဈေ, ဟသမဇ္ဈေ ဗကော ယထာ။

ယာယ မာတုယာ- သမီးအကြိုက်, သားအလိုက်ကို, အားစိုက်လေးမှု, အရေးယူလျက်, မွေးမြူအစဉ်, အကြင်သို့သော, မိခင်သည်၊ ဗာလော-နောင်ရေးမမြင်, မိခင်ကိုလွဲ, တန်ခိုးဆိုး, အမိုက်အိုးကလေးကို၊ နပါဋ္ဌိတော- လိမ္မာမေးခြား, ပညာပွားဖို့, အများဆင်တူ, မသင်ယူစေအပ်ချေ၊ သာ မာတာ-ထိုကဲ့သို့သော မိခင်သည်၊ သတ္တု-ပစ္စုပ္ပန် ကျွန်, တမလွန် သဲပေါက်, ထို့နောက် သတက်, ဆက်တိုင်းခက်ဖို့, တွက်ချက်လှစ်ဖွေ, ရန်သူမကြီး အစစ်ပေတည်း၊ ယေန ပိတရာ-သမီးအကြိုက်, သားအလိုက်ကို, အားစိုက်ထောက်ထား, မြှောက်စားအစဉ်, အကြင်သို့သော ဘခင်သည်၊ ဗာလော-အရှည်မမြင်, ဘခင်ကိုချော့, နော့တော့တော့ဆိုး, အမိုက်အိုးကလေးကို၊ နပါဋ္ဌိတော-ဆင်းရဲမည့်တွက်, အခွဲခက်၍, ငဲ့ကွက်ပုံသေ, မသင်ယူ စေအပ်ချေ၊ သော ပိုတာ-ထိုကဲ့သို့

ခေါ်ဝေါ်ခေါ်ခေါ်ခင်သည်၊ ဝေရိ-ဥာဏ်မကူမိုး, ကံအယူသည်းသည့်, ရန်သူကြီး အစစ်ပေတည်း၊ ဗာလော-မိခင်ဂ်နဲ့, ဘခင်လှည့်၍, တကဲ့ပေဆိုး, အခြေမကျသည့်, ဂ လေကဝမျိုးသည်၊ ဟံသမဇ္ဈေ-အဆင်းအရောင်, ဝင်းပြောင်တင့်တယ်, ဟသ်ာပေါင်းအလယ်၌၊ ဗကောယထာ-ဖျင်းအလွန်ဝှာ, ဗျိုင်းသတ္တဝါကဲ့သို့၊ သဘာမဇ္ဈေ-ပညာကြွားသူ, အများလူတို့, အတူဆွေးနွေး, စည်းအဝေး အလယ်၌၊ နုသောဘတေ- ပညာကြွားလင့်, အများတင့်လည်း, ထူပြင့်မြင်ထွေ, မတင့်တယ် ရှာချေ။

အစွမ်းမရှိသူသည် လူမဟုတ်

မိခင်၏ ကျင်ကြီးသာ

ဒါနေ တပသ် သူရေစ,ယဿ နု ပဋ္ဌိတံ မနော၊
ဝိဇ္ဇာယ အတ္ထလာဘေ စ,မာတု ရုစ္စာရမ်ဝ သော။

ယဿ-ကိုယ်နေမသွက်, စိတ်မသက်ပဲ သက်သက်အောက်ကျ, သလောက် ဘဝဖြင့်, နောက်ကနေရိုး, အကြင် သတ္တဝါမျိုး၏၊ မနော-အကြံ ပညာတုံး, ဥာဏ် ပညာပြုန်းလျက်, လုံးလုံးညံ, ဖျင်းစိတ်ဓာတ်ရင်းသည်၊ ဒါနေ စွန့်ကြဲပေးကမ်း, လှူဒါန်းရမည့်အခန်း၌ရင်း၊ ဘပသိ-ငါးပါး ရှစ်ပါး, ဥပုသ်မျှား၌, ဝတ်စားခြိုးခြုံ, ကျင့်ကြံကိုးကုတ်, အာဃာတ်ဖို့အချက်၌ရင်း၊ သူရေစ-ရဲမာန်ရဲသွေး, ရဲရှုပ်မွေးလျက်, ရဲဆေးမတောင်း, သူရဲကောင်း လုပ်ရမည့်အရေး၌ရင်း၊ ဝိဇ္ဇာယ- အသက်မွေးဝမ်းကျောင်း, ပညာကောင်းကို,စုဆောင်းစင်ဖြူ, သင်ယူရာအခန်း၌ရင်း၊ အတ္ထလာဘေစ-ခြဘောင်ပုံပြူ, ပျားအုံရှုလျက်, အတူမြင့်ခေါင်, ဥစ္စာ

ရအောင် ရှာမှုဌ္ဌင်း၊ နှ ပဋ္ဌိတ်-စွဲမြဲခိုင်ကြုံ, အရှည်ခံ အောင်, တည်တံ့ပုံသေ, မရှိနိုင်ချေ၊ သေ့ သင်္ဂြိုဟ် ကိုယ်နေမသွက်, စိတ်မထက်ပဲ, သက် သက် အောက် ကျ, သ ဘောက် ဘ ဝ ဖြင့်, နောက်ကနေရိုး, ထိုသဘာမျိုးသည်၊ မာတု ရုစ္စာရမေဝ-လူစစ်မဟုတ်, ဝမ်းဝယ်ရှုပ်သဖြင့်, ထုတ်လိုက်အပြင်, ဟင် ..... မိခင်၏ အညစ်အကြေးပါတကား။

မှတ်ချက်။ ။စွန့်ကြဲပေးကမ်းမှု စသော ကိစ္စတခုဌ္ဌ မမြဲမစဲ မထက်မြက်သူသည် မိခင်၏ သားကောင်းရတနာ မဟုတ်ပါ၊ ဝမ်းထဲမှာ ရှုပ်သဖြင့် အပြင်သို့ ထုတ်လိုက်သော့ မစင်အညစ်အကြေးသာ ဖြစ်ပါသည် တဲ့။

မဂ္ဂင်ယာဉ်ပျံတော်ကို ကိုယ်တိုင်လုပ်ပါ

ဘေဒတ္တာနိ သမ္ဘူတံ, ဗြဟ္မယာန မနုတ္တရံ၊
နိယျန္တိ ဓီရာ လောကမှာ, အညဒတ္ထု ဇယံ ဇယံ။

အတ္တာနိသမ္ဘူတံ-ကိုယ်တိုင်ကြိုးကုတ်, အားကုန်ထုတ်သဖြင့်, သရုပ်မှန်စွာ,ဖြစ်ပေါ်၍ လာနိုင်ပေထသော၊အနုတ္တရံ-လောကီ ယာဉ်သာ, မယှဉ်သာအောင်, လွန်စွာမြတ်မှန်, တုဘက်လည်း လွန်ပေထသော၊ ဘေတံ ဗြဟ္မယာနံ-လုပတည်ကြည်, လိမ္မာရည် ဖြင့်,အညီတင့်က,အသင့်စီးရန်, အနီးခံသဖြင့်, ရှစ်ဘန်အကျော်, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးသည်၊ သံဝိဇ္ဇတိ-ဘုရား သာသနာ, ပွင့်သောခါဝယ်, ကောင်းစွာ မြိုင်မြိုင်, ရရှိနိုင်ပါပေ၏၊ ဘေနေ ယာနေန-ဤကဲ့သို့လျှင်, ကိုယ်ပိုင်ယာဉ်ဟု, မဂ္ဂင်တရား, မြတ်ရှစ်ပါးဖြင့်၊ ဓီရာ-ဘုရား ပစ္စေကာ, အရိယာ

အပေါင်း,ပညာရှိသူကောင်းတို့သည်၊ အညဒတ္ထု-အမှန်စင်စစ်, မဆုတ်နစ်ကြကုန်ပဲ့သာ၊ ဇယံ အောင်သင့်အောင်ရာ, ကိလေသာဟု,လွန်စွာပြင်းထန်,အတွင်းရန်ကို၊ ဇယံ ဇယန္တာ-မင်္ဂလေး အောက်ထက်, အမြောက်စက်ဖြင့်, ဖျောက်ဖျက်သတ်သုဉ်း, အောင်တပ်ခင်းကြကုန်လျက်၊ လောကမှာ-ကျင်လည်ပြောင်းပြန်, ဗလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, ဝဋ္ဋအတွင်းမှ၊ နိယျန္တိ-ဝိဋ္ဌာန်သလောက်, နိဗ္ဗာန် ရောက် အောင်, ထွက်မြောက်တော်မူကြလေကုန်သတည်း။

မှတ်ချက်။ ။လှူ၍တည်ကြည်သော ;လိမ္မာသောသူသည် ယာဉ်ပျံကို ပြီးဖို့ရန် လျော်ကန်သကဲ့သို့, သီလရှိ၍ သမာဓိဖြင့် တည်ကြည်ကာ ဝိပဿနာ ပညာရှိသူသာ မဂ္ဂင်ယာဉ်ပျံ ကို စီးနိုင်ပါသည်။

သီလအကျိုးကို ကုန်အောင်မပြောနိုင်

သာသနေ ကုလပုတ္တာနံ, ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ၊
အာနိသံသ ပရိစ္ဆေဒံ, တဿ သီလဿ ကော ဝဒေ။

သာသနေ-ကမ္ဘာ့ကမ္ဘာ, လွန်လေပါလည်း, တခါတဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, သာသနာတော်ကြီး၌၊ ကုလပုတ္တာနံ-မျိုးရိုးကိုယ်ကျင့်, အစုံတင့်၍, ဆင့်ဆင့်ကြိုးစား, အမျိုးသား အမျိုးသမီးတို့၏၊ ယံ သီလံ-စတုပါရိ, သုဒ္ဓိလေးဖြာ, သိက္ခာသုံးမျှ, အကြင်သို့သော သီလကို၊ ဝိနာ-ကိုယ်နှုတ်နှလုံး, မစောင့်သုံးပဲ, ရှုံ့မှုန်းသောအား, ကြဉ်ဖယ်ထား၍၊ ပတိဋ္ဌာ နတ္ထိ-သမာဓိ ပညာ, တက်ဖို့ငှာလျှင်, တည်ရာအနေ, မရှိနိုင်တော့ချေ၊ တဿ သီလဿ-သမာဓိကောင်း, ပညာကောင်းဖို့,

အကြောင်းရင်းမှန်, ထိုအခြေခံသီလ၏ အာနိသံသ ပရိစ္ဆေဒ-ဤဘဝ နောက်ဘဝ, အကျိုးရမည့်, မုချဆက်ပွား, အပိုင်းအခြားကို၊ ကော·နတ်နှင့်လူဝယ်, ဘယ်သူတယောက်သည်၊ ဝဒေ-အကုန်အစင်, စုံအလင်ဖြင့်, ခုံမင် သောမန, သဘော ကျအောင်, ပြောပြနိုင်ပါ၀ေ့အုံ့နည်း။

မှတ်ချက်။ ။သာသနာတော်၌ သီလသည် အခြေခံ ဖြစ်၏၊ သီလ စင်ကြယ်သူမှာ အလိုလို သမာဓိဖြစ်၍ စိတ်တည်ကြည်၏၊ သမာဓိဖြင့် တည်ကြည်နေသူမှာ ရုပ်နာမ်တို့ အပေါ်၌ စိစစ် စဉ်းစားသော ဝိ ဿနာဉာဏ် ပေါ်လာ၏၊ ထို ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရလျှင် ကေန် သုဂတိဘ၀သို့ ရောက်ရ၏၊ ထို့ကြောင့် သီလ၏အကျိုးကား "မည်၍မည်မျှ"ဟု ပိုင်းခြား၍ မရ, မရေတွက်နိုင်အောင် ကြီးလှပေသည်။

ကန်စောလောသောအခါ
ဆုပေးသောဂါထာ

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဟံ, ခိပ္ပမေ၀ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ, စန္ဒေါ ပန္နရသေါ ယထာ။

တုယ္ဟံ-အပစာယနု, မြတ်ပူညကို, ကာလအားလျော်, ပြုကျင့်ဖော်ရပေသော သင် အမျိုးသမီး၏၊ (သင် အမျိုးသား၏)၊ ဣစ္ဆိတံ-စိတ်ဖြင့်ရည်စူး, အထူးလိုအပ်, ဆုလာဘ်ရတနာ, အဖြာဖြာသည်ရင်း၊ ခိပ္ပမေ၀ မကြာစေရ, ခဏအတွင်း, ချက်ခြင်းသာလျှင်၊ သမိဇ္ဈတု ကောင်းစွာကုံလုံ, ပြည့်စုံပါစေသတည်း၊ ပန္နရသေါ-ဆယ့်ငါးရက်အရ, ဆန်းပက္ခ၌, တက်ကြွ ယာယာ, ပြေစွာသော၊ စန္ဒေါ ယထာ-ရောင်လျှံ ငြိမ်ရန်း, လပြည့်ဝန်း

ကဲ့သို့၊ သဗ္ဗ သက်ပွါ-စိတ်ရော ကိုယ်နှုတ်, လွန်အားထုတ်လျက်, လောကုတ် လောကီ, အကြံအစည် ဟူသမျှတို့သည်၊ ပူရေနှုန်-မဂ်လာဌဋ္ဌ, လိုတိုင်းရလျက်, လောက်ငကုံလုံ, ပြည့်စုံပါစေကုန်သတည်း။

မှတ်ရုက်။ ။ပစ္စေကဗုဒ္ဓါ အမျှင်မြတ်တို့သည် ဒါနပြု၍ ဆုတောင်းလာသူအား ဤဂါထာဖြင့် ဆုပေးတော်မူကြသကဲ့သို့, ဆရာသမား လူကြီးသူမများလည်း ပူဇော်ကန်တော့လာသူအား ဤဂါထာဖြင့် ဆုပေးနိုင်ပါသည်။

မြန်မာလို "အလိုရှိအပ် တောင့်တအပ်၍ ကောင်းမြတ်သော အကြံအစည်သည် လဆန်း ၁၅ ရက်နေ့၌ လမင်း ပြည့်သကဲ့သို့ အလုံးစုံ အကုန်အစင် ပြည့်ပါစေသတည်း" ဟု ဆိုလိုသည်။

မလောကဒ္ဓမိမိကိုယ်သာ ဘချစ်ဆုံး

အတ္တာနံ စေ ပိယံ ဇညာ, ရက္ခေယ္ယ နံ သုရက္ခိတံ၊
တိဏ္ဏ မညတရံ ယာမံ, ပဋိဇဂ္ဂေယ္ယ ပဏ္ဍိတော။ -

အတ္တာနံ-ဘဝဖန်ခါ, သံသရာ၌, ငါဟုစွဲဆို, မိမိကိုယ်ကို၊ ပိယံ-အရင်းစစ်လျှင်, ပြစ်မဘင်ပဲ, နှစ်စဉ်မမှန်း, အချစ်ခင်ဆုံး ဟူ၍၊ စေ ဇညာ-အခါအခါ, အရာရာဝယ်,စာနာထောက်ထား, အကယ်၍ နှားလည်ကြားအုံ၊ ဇဝံသတိ-ကိုယ့်ကိုသာလျှင်, အခင်မင်ဆုံး အချစ်ဆုံးဟု, လုံးလုံးခဲ ၁း, နှားလည်သည်ရှိသော်၊ နံ အတ္တာနံ-ခုလဲ ကိုယ့်ကိုယ်, နောင်ကိုယ့်ကိုယ်ဟု, သို့ကလို သိ၍, ဆိုမိမက်၊ သုရက္ခိတံ-ဘရားကြောင်းရာ, မစောင်းပါပဲ, ကောင်းစွာမပြတ်, စောင့်ရှောက်အပ်သည်မည်လောက်အောင်၊ ရက္ခေယ္ယ-သတိတရား, လက်ကိုင်တား၍, မခြားပုံသေ, စောင့်

ရှောက်ပေရာ၏၊ ပဏ္ဍိတော ပြုသမျှအသစ်, ဖြစ်သမျှအဟောင်း, မကောင်းလဲ ဝါ, ကောင်းလဲ ငါဟု, ကောင်းစွာမြင်သိ, ပညာရှိသည်၊ တိုက္ခံ-ခန္တီ-ဆယ်ငါးနှစ်, သင့်အောင်ဆစ်၍, သုံးရစ်ပိုင်းခြား, အရှယ်သုံးပါးတို့ဘွင်၊ အညတရံ ယာမံ· ယုတ်စွာ့အဆုံး, နောက်ပိတ်တုံးဟု, ခေါ်ထိုးအရ, ပစ္ဆိမအရှယ်ကို၊ ပဋိဇဂ္ဂေယျ-အပြစ်မနှော, စင်းလုံးချောအောင်, ဆေးကြောသုတ်သင်ရာသတည်း။

မှတ်ချက်။ ၊မိမိကိုယ်ကို အချစ်ဆုံးဟု နားလည်လျှင် ဤတဘဝ၌ တွေ့ရသူများ အပေါ်ဝယ် ဝတ္ထရား ကျေအောင် ဆောင်ရွက်၍ မိမိအတွက် ပါရမီတိုးပွား အောင် ကြိုးစားသင့်ကြသည်။

သာသနာ့ရေး မြှင့်တွေး၍
အဓိဋ္ဌာန်ပြုချက်

သစေ အာဒိစ္စဗန္ဓုသာ, ဟေသံ သာသနထမ္ဘကော၊
ယုဒ္ဓေ ဘယာ ပမုတ္တောာ-မှိ, နော စေ နာ-မှိ ပမုတ္တကော။
အာဒိစ္စ ဗန္ဓုသာ· နေနဘ်န္ဓယ်ဖွား, ဘေးဘေတာ် ဘုရား၏၊
သာသနထမ္ဘကော- ၃-ရပ် သာသနာ, စည်ပင် သာအောင်,
ကောင်းစွာမြင့်ကူ, ထောက်နှိုင်သူသည်၊ သစေ ဟေသံ-ရှေးပါရမီ, ပါခဲ့ပြီကြောင်း, စုံညီမြဲတ်လေ, အကယ်၍ ဖြစ်နိုင်သေးအုံ ယုဒ္ဓ ဥရောပနှင့်, အာရှမကျန်, နိုင်ငံအားလုံး, မီးဟုန်းဟုန်းစဲ, ဤစစ်ပွဲ၌၊ ဗယာ-အမြောက်ဗုံးဆန်, လက်နက်ဒဏ်ဟု, ရန်မာန်မကောင်း, ဘေးအပေါင်းမှ၊ ပမုတ္တောာ-မှိ-ကံ ဉာဏ် ဝိရိယ, ၃-မျိုးမျှသဖြင့်, လုံးဝသန့်ရှင်း, လွတ်ကင်းရပါစေ

သတည်း၊ နော စေ ဟောသံ-သာသနဒါယာဒါ, ဖြစ်လောက်ရာသည့်, ဇာတာတော်တွင် ကံမယှဉ်ပါမူကား၊ နာဂမှီ ပမုတ္တကော-အမြောက် ဗုံးဆန်, လက်နက်မဏ်မှ, လွတ်ရန်မမျှော်, ခန္ဓာတော် တဇာတ်သိမ်းရ, ငြိမ်းရပါစေသော်။

မှတ်ချက် ။ဒုတိယကမ္ဘာစစ်အတွင်းက သာသနာတော်ကို ပြုစုလိုသော ဆရာဒကာတို့သည် ဤနည်းအားပြင့် အစ်ဌာန်ပြုခဲ့ကြလေသည်၊ ဆိုလိုရင်းမှာ- ကမ္ဘာစစ်အတွင်းဌ နေရာအနှံ့ ဗုံးတွေ့ချနေသော်လည်း ငါသည် သာသနာတော်ကို ထောက်ပံ့နိုင်သော ဒါယကာ, ပြုစုနိုင်သော ဆရာဖြစ်ဖို့ရန် ကံပါလျှင် ဤဘေးမှ လွတ်ပါစေ, ကံမပါလျှင်ကား လွတ်ပို့မမျှော်ပါ၊ တဘဝ ဇာတ်သိမ်းရ ငြိမ်းစွာ စံရပါလို၏။

ဗုဒ္ဓဘိတ်ဓွာ၏ မာရ်နတ်ကို အောင်တော်မူပုံ

ဂိရိမေခလ မာရဇွံ, သဟသာ ဗာဟု နိမ္မိတံ၊
သသေနံ မာရံ ဇိတော-သိ, ဇိနော ဒါနာဒိတေဇသာ၊
ဇေတေန သစ္စဝဇ္ဇေန, ဟောတု တေ ဇယမင်္ဂလံ။

ဇိနော-တွင်းပြင် ၂ တန်, သူပုန်ရန်ကို, ပယ်လှန်တွန်းနှင်, အောင်ပွဲရှင် ဘုရားသည်၊ ဂိရိမေခလံ- တောင်ကြီး သဖွယ်, ကြီးကျယ်မြင့်ခေါင်, ဂိရိမေခလာ ဆင်ပြောင်ကို၊ အာရုဏ်-အရှက်မဆီး, ရမ္မက်ကြီးဖြင့်, တက်စီးမ်ိုလာထသော၊ သဟဿ ဗာဟုနိမ္မိတ်-လက်ရုံးနှစ်ဖက်မျှ, အားမရ၍, မျှားလှုလေအောင်, လက်ရုံးတထောင်ကိုလည်း ဖန်ဆင်းထသော၊ သသေနံ-ရွှေရောဝဲယာ, ဆယ့်နှစ်ယူဇနာနှင့်, စက္ကြာဝဠာထိ, နောက်မှာ

ပြည့်လျှောင်း, စစ်သည်တော် အပေါင်းနှင့် တကွဖြစ်သော၊ မာရံ-ဗောဓိပင်တွင်း, ပလ္လင်ရင်းသို့, ကပ်ချဉ်း ဖျက်ဆီး; မာရ်နတ်ကြီးကို၊ ဒါနာဒိ တေဇသာ-ဒါန စသည့်, ပါရမီ အမျှား, တန်ခိုးအားဖြင့်၊ ဇိတော+အာသီ-လက်နက်မကိုင်, ရန်မပြိုင်ပဲ, အနိုင်ကိုယူ, အောင်မြင်တော်မူခဲ့ရပေပြီ။

ဧတေန သစ္စဝဇ္ဇေန-လက်နက်စုံခင်း, မာရ်နတ်မင်းကို, အလျင်း လက်နက်, မကိုင်လျက်သာ, မြတ်စွာ ဇိနော်, အောင်တော်မူကြောင်း,ဤကောင်းသောသစ္စာစကားကြောင့်၊ တေ-ဘုရားအောင်ပုံ, ကြည်ယုံပေတောင်း, အသင် သူတော်ကောင်းအား၊ ဇယမင်္ဂလံ-တွင်းပ ၂ တန်, ရန်မာရ်အပေါင်း, အောင်ကြောင်း အောင်ရာ, မင်္ဂလာသည်၊ ဟောတု-ယနေ့ယခု, အစပြု၍, စုစုကုံလုံ, ပြည့်စုံပေါ်စေသတည်း။

ဗုဒ္ဓမြတ်စွာ၏
အာဠဝကကို အောင်တော်မူပုံ

မာရတော သာတိရေကံပိ, အာဠဝကာဘိ ယုဇ္ဈိတံ၊
အကွမံ ခမမာနောဝ, ဇိနော ဇိတော-သိ ခန္တိယာ။

မာရတောပိ-ခြောက်ထပ်နတ်မျိုး, သူ့တန်ခိုးဖြင့်, လှမ်းမိုးပိုင်နင်း, မာရ်နတ်မင်းထက်လည်း၊ သာတိရေကံ-မလျှော့မရှုတ်, ခနောက်မဆုတ်လို့, ပိုမိုလွန်ကဲ, ဇဲကောင်းကောင်းရှိသည်ဖြစ်၍၊ အဘိယုဇ္ဈိတံ-လက်နက်မျိုးစုံ, တန်ခိုးစုံဖြင့်, အဟုန်ပြင်းပြင်း, စစ်ထိုးခြင်း ရှိထသော၊ အကွမံ-သည်းမခံမှု, ရန်မာရ်ဖြူ၍, အံတုဖက်လာ, ကြောက်ဖွယ်ရာကောင်းထသော၊ အာဠဝကံ-

အာဌာဝဂ, မည်နာမဖြင့်, ယက္ခဥုးစီး, ဘီလူးကြီးကို၊ ဇိနော-ပဲ့တိုင်းမရှောင်, နှဲ့ငုံ့ခြင်းအောင်၍, ထိပ်ခေါင်ထင်ပေါ်, မြတ်ဇိနော်သည်၊ ခန္ဓိယာ-ဘဝသံသရာ, အထုံပါသည့်, ရှည်ကြာဆက်ဆက်, သည်းခံခြင်း တည်းဟူသော လက်နက်တော်ကြီးဖြင့်၊ ခမမာနော၀-ကရုဏာရင်း, မေတ္တာသွင်း၍, ညှင်းကြည်ဖြူ, သည်းခံတော်မူလျက်သာလျှင်၊ ဇိတော+အာသိ-သောတာပန်လောက်, အဖြစ်ရောက်အောင်, စောင့်ရှောက်ကယ်တင်, အောင်မြင်တော်မူခဲ့ရလေပြီ၊ ဝေန သစ္စ၀ဇွန-အာဌာဝဂ မည်ဟီး, ဘီလူးကြီးကို, အပြီးကယ်တင်, အောင်မြင်တော်မူကြောင်း, ဤကောင်းသော သစ္စာစကားကြောင့်၊ တေ-ဘုရားအောင်ပုံ, ကြည်ယုံပေတောင်း, အသင်သူတော်ကောင်းအား၊ ဇယမင်္ဂလံ-တွင်းပန္နစ်ဘန်, ရန်မာရ်အပေါင်း, အောင်ကြောင်းအောင်ရာ, မင်္ဂလာသည်၊ ဟောတု-ယနေ့ ယခု, အစပြု၍, စုစုကုံလုံ, ပြည့်စုံပါစေသတည်း။

ဗုဒ္ဓမြတ်စွာ၏
နာဌာဂိရိဆင်ကို အောင်တော်မူပုံ

သုဒါရုဏံ၀ ဒါ၀ဂ္ဂိံ, နာဌာဂိရိံ ဂဇုတ္တမံ၊
မေတ္တောဒကံ သိဉ္စိတ္ဝာန, ဇိနော ဇိတော-သိ တေဇသာ။

ဒါ၀ဂ္ဂိုံ၀-တောလုံးကုံအောင်, ရဲရဲပြောင်ညီး, တောလောင်မီးကဲ့သို့၊ သုဒါရုဏံ-ဒေ၀ဒတ်ဘုရား, ဆင်ထိန်းဖန်၍, အကြုံပက်စက်, အရက်ကိုတိုက်, မိုက်မိုက်ကန်းကန်း, အလွန်ကြမ်းတမ်းစွာထသော၊ ဂဇုတ္တမံ-အရက်သေစာ, မတိုက်ပါလျှင်,

ရတနာဝဝင်, ဘုရင်တက်စီး, ဆင်မြတ်ကြီးလည်း ဖြစ်ပေထသော၊ နာဌာဂိရိ-ရှေးရှုပြေးကာ, နင်းဖိုလာသည့်, နာဌဂိရိ, မည်ရှိ ကျော်ဟီး, ဆင်ပြောင်ကြီးကို၊ ဇီနော-ပဲ့တိုင်းမရှောင်, နဲ့တိုင်း အောင်၍, ထိပ်ခေါင်ထင်ပေါ်, မြတ်ဇီနော်သည်၊ မေတ္တာ ဒဂံ၊ ကမ္ဘာ့လောင်မီး, ဒေါသကြီးလည်း, အပြီးစေ, မေတ္တာ ရေကို၊ သီဠိတ္ထာန-ကျန်းမာ ချမ်းသာ, စန်းပမာသို့, လွှမ်းကာ ဆက်ဆက်, ဖြန်းကာ ပက်၍၊ တေဇသာ- မေတ္တာ တန်ခိုး, အမျိုးမျိုးဖြင့်၊ ဇီတော+ အာသီ- အကြမ်းစုပျောက်, အနု ရောက်အောင်, စောင့်ရှောက်ကယ်တင်, အောင်မြင်တော်မူခဲ့ ပေပြီ၊ ဇေတေန သစ္စဝဇ္ဇေန-ဒေါသပြင်းစွာ, ဆင်နာဌာကို, မေတ္တာရေချမ်း, ပက်ကာဖြန်း၍, ချမ်းကြည်သင်, အောင်မြင် တော်မူကြောင်း, ဤကောင်းသော သစ္စာစကားကြောင့်၊ တော-ဘုရားအောင်ပုံ, ကြည်ယုံပေတောင်း, အသင် သူဟော်ကောင်း အား၊ ဇယမင်္ဂလံ- တွင်းပ ;-တန်, ရန်မာရ် အပေါင်း, အောင်ကြောင်း အောင်ရာ, မင်္ဂလာသည်၊ ဟောတူ-ယနေ့ယခု, အစပြု၍, စုစုကုံလုံ, ပြည့်စုံပါစေသတည်း။

၄၃ မြတ်စွာ၏
အဂုံလိမာလကို အောင်တော်မူပုံ

ခဂ္ဂံ ဥက္ခိပမာနံဝ, သုဒါရုဏံ ဘိဝါဒိတံ၊
ဂ်ယောဇနံ ဇီနော-ဂုံလိ-မာလံ ဇီတော-သိ ဣဒ္ဓိယာ။

ခဂ္ဂံ ဥက္ခိပမာနံဝ-သန်လျက်ခေါ်, လက်ဌ ထားရ, ကြား ကြား စွင့်စွင့်, ဝင့်ကာ ဝင့်ကာ, မြောက်ချီလျက် သာလျှင်၊

သုဒါရုဏ်-တွေ့ရာမချင်း, သတ်ဖြတ်ညှဉ်းဖို့, အတင်းလိုက်ကာ, ကြမ်းတမ်းစွာထသော၊ တိယောဇနံ- ဘုရားသခင်, မြင်လျှင် မြင်ချင်း, ကပ်ချဉ်းဖို့ရာ, သုံးယူဇနာတိုင်တိုင်၊ အဘိဓာဝိတံ-အဟုန်ပြင်းပြင်း, အကုန်နင်းရှ, အတင်းစိုက်ကာ, လိုက်ရှိလာ သော၊ အဂုံလိမာလံ- ဖြတ်ရှစုပေါင်း,လက်ချောင်းပန်းသွယ်, ကိုယ်ပယ်ဆင်မြန်း, အဂုံလိမာလ မည်သော ဒမြကြမ်းကြီးကို၊ ဇိနော-အဂုံလိမာလ, မကပြင်းထန်, အတွင်းရန်ကို, ကောန် အောင်ပြီး, ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဣဒ္ဓိယာ-အဂုံလိမာ,အပြေးလာလည်း, ကောင်းစွာမမှီရန်, စီမံအပ်သော တန်ခိုးတော်ဖြင့်၊ ဇိတော+အာသိ-ရဟန္တာကြီး, ဖြစ်အောင် နည်းဖြင့်, အပြီး ဆောင်တင်, အောင်မြင်တော် မူရလေပြီ၊ ဧတေန သစ္စဝဇ္ဇေန-အဂုံလိမာလ, မည်နာမဖြင့်, ဒမြသရမ်း, အလွန်ကြမ်းလည်း, အစွမ်းကင်းစင်, အောင်မြင်နိုင်ကြောင်း, ဤကောင်းသော သစ္စာစကားကြောင့်၊ တေ-ဘုရားအောင်ပွဲ, ကြည်ယုံပေတောင်း, အသင်သူတော်ကောင်းအား၊ ဇယမင်္ဂလံ-တွင်းပ ၂-တန်, ရန်မာရ်အပေါင်း, အောင်ကြောင်းအောင်ရာ, မင်္ဂလာသည်၊ ဟောတု-ယနေ့ ယခု, အစပြုလျက်, စုစုကုံကုံ, ပြည့်စုံပါစေသတည်း။

အရိယာ, ပုဂ္ဂဒ္ဓိ အမြင်မတူ
သဒေဝကဿ လောကဿ,
ဧတေ ဝေါ သုခသမ္ဘတာ၊
ယတ္ထ စေတေ နိရုဇ္ဈန္တိ,
တံ တေသံ ဒုက္ခသမ္ဘတံ။

သဒေဝကဿ - ဗြဟ္မာ သကြား, နတ်အများနှင့် တကွ ဖြစ်သော၊ လောကဿ-ပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး, တလောက လုံးသည်၊ ဧတေ-ရူပ သဒ္ဒ, စသည့်အာရုံ, ဤ ကာမဂုဏ်တို့ကို၊ သုခသမ္မတာ၊ ချမ်းသာဖွယ်တောင်း, အကောင်းဟု သမုတ် အပ်ကုန်ပြီ။ ယပ္ပဿ အရိယာအများ, အလွန် လေးစားသည့်, တရားမျက်ရှင်, အကြင်သို့သော နိဗ္ဗာန်၌၊ ဧကေ ရူပ သဒ္ဒ, စသည့်အာရုံ, ဤ ကာမဂုဏ်တို့သည်၊ နိရုဒ္ဓန္တိ- ကွယ်ပျောက် ချုပ်ငြိမ်း, ရုပ်သိမ်းရလေကုန်၏၊ တံစ-ကာမဂုဏ် အားလုံး, ပြုတ်ပြုတ်ပြုန်းလျက်, ဆုံးရှုအမှန်, ထိုနိဗ္ဗာန်ကိုကား၊ တေသံ- ထိုဉာဏ်မြင်ပေတုံး, ပုထုဇဉ် အားလုံးတို့သည်၊ ဒုက္ခသမ္မတံ- ခံစားဖွယ် အချက်, ကင်းသည့် တွက်ကြောင့်, သက်သက် ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ်လေသတည်း။ (ဧတေ ဝေါ၌- ဝေါ-အတွက် အနက်မရှိ)။

ကျောချင်းကပ်ယှဉ် ပြေးကြအင်သို

သုခံ ဒိဋ္ဌ မရိယေဘိ, သက္ကာယဿ နိရောဓနံ၊
ပစ္စနီကမိဒံ ဟောတိ၊ သဗ္ဗလောကေ န ပဿတံ။

သက္ကာယဿ-ပရမတ္ထအားဖြင့်, ထင်ရှားဘိတောင်း, ခန္ဓာ ငါးပါး အပေါင်း၏၊ နိရောဓနံ - ကင်းပျောက် ချုပ်ငြိမ်း, ရုပ်သိမ်းရ ဖြစ်သော၊ သုခံ- နိဗ္ဗာနဓာတ်, ချမ်းသာ မြတ်ကို၊ အရိယေဘိ- အရိယာအရှင်, သူတော်စင်တို့သည်၊ ဒိဋ္ဌံ၊ ဉာဏ် စက္ခုဖြင့်, စေ့ငုထင်ထင်, သိမြင်အပ်ပေပြီ၊ ဣဒံ-များပုထုဇဉ်, ဉာဏ်အမြင်ဖြင့်, မမြင်နိုင်တန်, ဤနိဗ္ဗာန်ကို၊ ပဿတံ-တပ်အပ်

ထင်ထင်, ကိုယ်တိုင်မြင်သည့်,အရှင်အပေါင်း, သူတော်ကောင်, တို့မှာ၊ သဗ္ဗလောကေန- အဝိဇ္ဇာဖုံး, တဏှာတုံးဟု, အားလုံး လောက, ဟူသမျှနှင့်၊ ပစ္စနိကံ ဟောတိ-ကျောချင်း ကပ်ယှဉ်, ပြေးကြအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရ လေဘေ့သတည်း။ (သဠာယတနသံယုတ်၊ ဒေဝဒဟဝဂ်)

သဗ္ဗညုဉာဏ်တော် စွမ်း ၃-ပေါ်

ဇာနိတဗ္ဗံ ပဇာနာတိ,
ဒေသိတဗ္ဗမ္ပိ အာသယံ၊
ဒေသကော ယေန ဉာဏေန,
ဒေသေတု တဿ တေဇသာ။

ဒေသကော- နည်းမှန်လမ်းကျ, ဟောညွှန်ပြသည့်, ဒေသက ထွတ်တင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ယေန ဉာဏေန- အပေါင်းဂုဏ်အင်, ကြောင်းစုံလင်မှ, အကြင်ဖြစ်ပေါ်,သဗ္ဗညုတ ဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗံ-သိဖွယ် အမျှား, ဥယျာဉ်ရုံးကို၊ ပဇာနာတိ-ဆုံးစကုန်စင်, မြင်သိတော်မူပါပေ၏၊ ဒေသိတဗ္ဗမ္ပိ- ဟောပြစဖွယ်, သွယ်သွယ်မျှားဖျင်, တရားဆင်နည်းကိုလည်း၊ ပဇာနာတိ၊ ဆုံးစကုန်စင်, သိမြင်တော်မူပါပေ၏၊ အာသယံ၊ သိန်းသန်းကုဋေ, မျှားဝေနေ၏, ထွေထွေ ဆန္ဒ, အဇ္ဈာသယ ကိုလည်း၊ ပဇာနာတိ၊ ဆုံးစကုန်စင်, သိမြင်တော်မူပါပေ၏၊ တဿ- ပါရမီအပေါင်း, ဆင့်ဆင့်လောင်းသည့်, အကောင်းဆုံး ဖြစ်ပေါ်, ထိုသဗ္ဗညုတဉာဏ်တော်၏၊ တေဇသာ- အစွမ်းသုံး

ဖော်, တန်ခိုးတော်ဖြင့်၊ ဒေသေတု၊ထိုထိုကိစ္စ, မမှားရအောင်, နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း။

မှတ်ချက်။ ။(၁) သိစရာတွေ အကုန်လုံး သိတဲ့ အစွမ်း။

(၂) တရား အမျိုးမျိုးအတွက် ဟောပုံ ဟောနည်း အမျိုးမျိုး တီထွင်နိုင်တဲ့၊ စီစဉ်နိုင်တဲ့ အစွမ်း။

(၃) သတ္တဝါတွေရဲ့ စိတ်အကြိုက် အလိုဆန္ဒ အစ္ဆာ သယကို သိနိုင်တဲ့ အစွမ်း၊ ဤကား သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်းသုံးဖော်တည်း။

အိပ်ရာဝင် အိပ်ရာထတိုင်း ရွတ်ဖတ်ပွားများရန်

မေတ္တာဗိုဓိဂါထာ

ပဇာ သဗ္ဗာ သုဿယန္တု,
ဝုဋ္ဌဟန္တု သုမင်္ဂလာ၊
ဒုဿေန္တု ဒုဂ္ဂတိ ဂါမိ,
ပူရေန္တု သဗ္ဗပါရမိ။

ပဇာ သဗ္ဗာ ကိုယ်စီကိုယ်စီ, ကိုယ့်ဒေသ၌, ပျော်ကြစေပါရာ, သတ္တဝါဟူသမျှ တို့သည်၊ သုဿယန္တု၊ အိပ်မက် ယာမက်, ကောင်းစွာမက်၍ နှစ်သက်ကြည်သာ, အိပ်ဝက်နိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ-မင်္ဂလာကျက်သရေ,ယုက်ဝေလန်းသဖြင့်, စမ်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌဟန္တု- ကောင်းစွာ မိုးသောက်, အလင်း ရောက်လျက်, ထမြောက် နိုးကြားနိုင်ကြပါစေကုန်သစာည်း။ ဒုဂ္ဂတိ ဂါမိ-အပါယ်ဒုဂ္ဂတိ, ရောက်မည့်အကြောင်း,

မကောင်း ညစ်ဆိုး, ဒုစရိုက်မျိုးကို၊ ဒုသေန္တ၊ သူတော်လက်နက်, တရားစက်ဖြင့်, ဖြိုဖျက်နိုင်ကြ ပါစေကုန်သတည်း၊ ဆပ္ပပါရမီ-အလောင်းအလျာ, ဖြည့်ကောင်းရသည့်, သုံးဖြာဆယ်လီ, ပါရမီအပေါင်း, အကျင့်ကောင်းကို၊ ပူရေန္တ၊-တဆင့်ထက် တဆင့်, ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

ဂါထာပေါင်း ချုပ် ဖြီးဖြီ။

(ခ၆c) လှတ်ရေး ယျမင်ကြံ့ခိုင်းစံ့ငန့်ယျက